မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ စနေနေ့ အတွဲ (၆၂)၊ အမှတ် (၁၀၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ဝေးလံခေါင်ဖျားပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမမီသည့် တိုင်းရင်းသားဒေသများကို မိမိတို့တပ်မတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးသွားရမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးရန်အတွက် ဆရာဝန်လိုအပ်လျက်ရှိသော ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘုရင့်နောင်ရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဝေးလံခေါင်ဖျားရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင်တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

၂၀၂၂ ခုနှစ်သည် ငါးကြိမ်မြောက် အပူဆုံးနှစ်ဖြစ်သည်ဟု နာဆာပြော — နိုင်ငံတကာသတင်း — စာ ၁၃

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) (သို့) ပညာသိုက် — ဆောင်းပါး — စာ ၁၆

ထိုင်း - မြန်မာ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ဆွေးနွေးပွဲ ၂၀၂၃ ကျင်းပ — ကုန်သွယ်စီးပွား — စာ ၁၇

ဝေးလံခေါင်ဖျား ပြည်သူများအတွက် ထမ်းရွက်ခဲ့သည့် တာဝန်

လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဝေးလံခေါင်ဖျားဒေသများတွင် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု တာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားတစ်ရပ်ကို ဇန်နဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းရှိ ဝေးလံခေါင်ဖျားဒေသများမှာ သွားရေး လာရေး ခက်ခဲသည့်အလျောက် ကျန်းမာရေးစောင့်ရှောက်မှု အလှမ်းဝေးသည့်နေရာ၊ ဆရာဝန်များ လိုအပ်လျက်ရှိသည့်နေရာ၊ ခေတ်အဆက်ဆက်တွင် ကျန်းမာရေးအဆင့်အတန်းနိမ့်ကျခဲ့သည့် နေရာများပင် ဖြစ်သည်။

အဆိုပါ ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တပ်မတော်သည် ၂၀၁၆ ခုနှစ်မှစတင်ကာ တပ်မတော်သားဆေးမှူးအရာရှိများကို လေးကြိမ်ခွဲ၍ တစ်သုတ်ပြီး တစ်သုတ် စေလွှတ်ပေးခဲ့ခြင်းဖြစ်သည်။ တပ်မတော်သား ဆရာဝန်များသည် မိမိတို့ရောက်ရှိရာ ဒေသများတွင် မူလတာဝန်ဖြစ်သော ဒေသခံပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးကိုသာမက ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဒေသဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အခြေခံပညာစာပေသင်ကြားရေးလုပ်ငန်းများတွင်လည်း ပါဝင်ကူညီပေးခဲ့ကြပြီး စေတနာ၊ မေတ္တာကို ရောင်ပြန်ဟပ်သည့်အနေဖြင့် ဒေသခံပြည်သူလူထု၏ နွေးထွေးသော တုံ့ပြန်မှုတို့ကို ပြန်လည်ရရှိခဲ့ကြသည်။ ထို့အပြင် တပ်မတော်သားဆရာဝန်များနှင့်အတူ ၎င်းတို့၏ မိသားစုဝင်များကလည်း တာဝန်ထမ်းဆောင်ရာ ဒေသများသို့ အတူတကွ လိုက်ပါကြပြီး ကျေးတာဝန်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီခဲ့ကြခြင်းဖြစ်ရာ ဒေသခံပြည်သူတို့၏ လှိုက်လှိုက်လှဲလှဲကြိုဆိုမှုများကို ခံယူခဲ့ကြရသည်။

“မိမိတို့ တပ်မတော်သည် ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံ့အရေး၊ တိုင်းရင်းသားပြည်သူများအရေးတို့နှင့် ပတ်သက်ပါက အစဉ်အမြဲဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် တပ်မတော်၏ မူလတာဝန်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဆောင်ရွက်သည့်နည်းတူ ပြည်သူလူထုကျန်းမာရေးနှင့် ပညာရေးများကိုလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်လျက်ရှိကြောင်း” ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုအမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် လျော့နည်းကျဆင်းလျက်ရှိသကဲ့သို့ပင် မိမိတို့နိုင်ငံတွင်လည်း ကပ်ရောဂါဘေးဒဏ်အပြင် နိုင်ငံရေးပဋ္ဌိပက္ခကြောင့် ကျန်းမာရေးဝန်ထမ်းအချို့ လုပ်ငန်းခွင် စွန့်ခွာခဲ့ကြရာ နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ အားနည်းလစ်ဟာမှုများစွာ ဖြစ်ပေါ်ခဲ့ရသည်။ ယင်းသို့ လျော့နည်းလစ်ဟာမှုများအတွက် တပ်မတော်က ဆေးရုံ၊ ဆေးခန်းများ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများဖြင့် ဝင်ရောက်ဖြည့်ဆည်းကာ သိန်းနှင့်ချီသော ပြည်သူများကို ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ပေးနိုင်ခဲ့သည့်အပြင် ဝေးလံခေါင်ဖျားဒေသများရှိ တိုင်းရင်းသားပြည်သူလူထုကို ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးရန် သွားရောက်ခဲ့သည့် တပ်မတော်သားဆရာဝန်များ အနက်မှ နှစ်ဦးမှာလည်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ကျဆုံးခဲ့ကြရသည်။

သွားလာရန် ခက်ခဲပြီး လူသူအရောက်အပေါက်နည်းပါးသည့် ဝေးလံခေါင်ဖျားဒေသများသို့ သွားရောက်ကာ ပြည်သူ့ကျန်းမာရေး၊ ပြည်သူ့အကျိုးပြုနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို ကိုယ်ရောစိတ်ပါ မေတ္တာ၊ စေတနာများဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုအပ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၃

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့တွင် ၂ ဒီဂရီစင်တီဂရိတ် နှင့် ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။

မိုး/ဇလ

တေးသံသွင်းလုပ်ငန်းလုပ်ကိုင်သူများအား တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်အသစ်ပြုလုပ်ရန်နှင့် သက်တမ်းတိုးလဲလှယ်ရန်အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ (၃၀-၃-၂၀၂၁) ရက်နေ့တွင် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်၊ အမိန့်အမှတ် (၂/၂၀၂၁) ဖြင့် တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်များအား (၁)နှစ် သက်တမ်းဖြင့် ခွင့်ပြုပေးလျက်ရှိပါသည်။

မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပါက တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် အခန်း(၂)၊ အပိုဒ် ၁၁ နှင့် ၁၂ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း (၃၀) ကြိုတင်ပြီး သတ်မှတ်ပုံစံနှင့်အတူ မှတ်ပုံတင်ကြေးကျပ်၅၀၀၀/- (ကျပ်ငါးထောင်တိတိ) ပေးသွင်း၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းဖြစ်ပါက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လည်းကောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များအတွင်းဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများမှတစ်ဆင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လည်းကောင်း ဆက်သွယ်၍ တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းများကို လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တေးသံသွင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ခွင့် မရှိကြောင်း၊ သက်တမ်းကုန်လွန်သော လုပ်ကိုင်ခွင့်မှတ်ပုံတင် လက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်း၊ သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက တေးသံသွင်းလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်အရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၇၅၃၆၃၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

လက်ပံတန်းမြို့၌ အိမ်ထောင်စုလူဦးရေစာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

လက်ပံတန်း ဇန်နဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေ စာရင်းမြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေး ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့ စ၅ ဖွဲ့က ကောက်ကွက် (၁၀၂) ကွက်တွင် သတ်မှတ်နယ်မြေအလိုက် တစ်အိမ်တက်ဆင်း စာရင်းကောက်ယူရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

သာယာဝတီခရိုင် မြေပြင်ကွင်းဆင်းစာရင်း ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဝင်းမြတ်ထွဋ်၊ လက်ပံတန်းမြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စိုးမိုးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ချမ်းသာကုန်းကျေးရွာအုပ်စုတွင် တစ်အိမ်တက်ဆင်း အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ တိုက်ဆိုင် စစ်ဆေးခြင်းနှင့် လူဦးရေစာရင်း ကောက်ယူနေမှုကို ကွင်းဆင်းကြပ်မတ်၍(**အောက်ပုံ**) စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေး၊ အခက်အခဲများ မရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ အပြီးသတ် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်ထောင်စုဇွား သွေးချင်းများ

❁ နေခြည်မှာ ရွှေရည်ဝင်းလို့
ထွန်းလင်းတဲ့ ပြည်မြန်မာ၊
ဘေးမသီ ရန်မခ
အေးမြစေရာ၊
ပွင့်လင်းလို့ ဖော်ရွေစွာ
ပျော်စေမှာ မှန်မလွဲ၊
ဓလေ့ စရိုက်ကိုဖြင့်
မမေ့ထိုက်ပါ စဉ်အမြဲ
ထိန်းသိမ်းနေဆဲ။

❁ တို့ပြည်ထောင် သားချင်းတို့
အားတင်းလို့ စိတ်ရည်တူ၊
ရိုးရာတွေ မပျက်ရေး
ဖေးမလို့ကူ၊
ပြည်သူနဲ့ သည်မှု
ကြည်ဖြူကာလက်တွဲ၊
အပြစ်အမှုန်း မယူပါနဲ့
အချစ်ဆုံး ပြည်သူညီညာရေး
တွေးဆကြမြဲ။

❁ ရိုးမတွေ လေးစင်းနဲ့
သွေးချင်းတို့ ပျော်ရာမြေ၊
မြစ်ချောင်းရေ သွယ်ကာတန်း
စိမ့်စမ်းထွေထွေ၊
သည်မြေနဲ့ သည်ရေရယ်
တည်စေမယ်ကွဲ့ ဘယ်မခွဲ၊
အမြဲအတွက်သာပ
အသည်းအသက်လို ပမာတည်လို့
မြန်မာပြည် ညီနောင်ရင်းတို့ရယ်
သွေးချင်းတွေပဲ။ ။

မြရည်နန္ဒာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအတွက် အမှတ်တရဂုဏ်ပြုလက်ဆောင်များကို ဆေးမှူးများထံပေးအပ်စဉ်။

❖ *ရှေ့ဖိုးမှ*

ဒေါက်တာ သက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်၏ ဝေးလံခေါင်ဖျားသည့်ဒေသများတွင် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုတာဝန်ကို ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းကို ဦးစွာ ပြောကြားလိုပါကြောင်း။

နိုင်ငံ၏ ပထဝီမြေပြင်အနေအထားနှင့် ဝေးလံခေါင်ဖျားဒေသများ၏ ကျန်းမာရေးအခြေအနေ

မိမိတို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြပြီး တောတောင်ရေမြေ၊ တောင်တန်း၊ မြေပြန့်နှင့် မြစ်ဝှမ်းလွင်ပြင်အစရှိသည့် မြေမျက်နှာသွင်ပြင်စုံလင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့သောဒေသများတွင် မိမိတို့တိုင်းရင်းသားများသည်နေရာအနှံ့ပျံ့နှံ့နေထိုင်နေကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ သွားလာရခက်ခဲသည့် တောင်တန်းဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားများသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပါက လက်လှမ်းမမီခဲ့သည့်အတွက် ကျန်းမာရေးအဆင့်အတန်းသည် ခေတ်အဆက်ဆက် နိမ့်ကျခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

ချင်းပြည်နယ်၏ လက်ရှိကျန်းမာရေးအခြေအနေကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်း (Life Expectancy at Birth) သည် ၆၇ နှစ်ဖြစ်ပြီး ချင်းပြည်နယ်၏ မျှော်မှန်းသက်တမ်းသည် ၆၃ ဒသမ ၃ နှစ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ၁ နှစ်အောက်ကလေးသေဆုံးနှုန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကလေးအရှင် ၁၀၀၀ မွေးတိုင်း ၁၂ ဦးရှိပြီး ချင်းပြည်နယ်၌ ၁၈ ဦး၊ ၅ နှစ်အောက် ကလေး သေဆုံးနှုန်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကလေးအရှင် ၁၀၀၀ မွေးတိုင်း ၁၅ ဦးရှိပြီး ချင်းပြည်နယ်၌ ၂၅ ဦး ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိခင်သေဆုံးမှုအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကလေး အရှင် ၁ သိန်း မွေးတိုင်း ၁၀၂ ဒသမ ၇ ဦးရှိပြီး ချင်းပြည်နယ်၌ ၁၅၈ ဦးခန့် ရှိသည့်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ငါးနှစ်အောက် ကလေးငယ်များ၌ အာဟာရချို့တဲ့မှုများအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၆ ဒသမ ၇ ရာခိုင်နှုန်းရှိရာ ချင်းပြည်နယ်ရှိ ကလေးငယ်များ၏ ၄၀ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့နေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ဝေးလံခေါင်ဖျားပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမမီသည့် တိုင်းရင်းသားဒေသများကို မိမိတို့တပ်မတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားရမည်ဖြစ်ကြောင်း။

ဝေးလံခေါင်ဖျားဒေသများရှိ ပြည်သူများကို တပ်မတော်သားဆရာဝန်များက ဆေးဝါးကုသမှုပေးစဉ်။

◆ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးရန်အတွက် ဆရာဝန် လိုအပ်လျက်ရှိသည့် ဆေးရုံများတွင် တပ်မတော်သားဆရာဝန်များ တာဝန်ထမ်းဆောင်ခဲ့မှုအနေဖြင့် ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့် လည်းကောင်း၊ တတိယ အကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် တပ်မတော်သားဆရာဝန် ၄၆ ဦးဖြင့် လည်းကောင်း အသီးသီး တာဝန်လဲလှယ်ထမ်းဆောင်ခဲ့ကြပြီး ယခု ၂၀၂၂ ခုနှစ် တွင်လည်း တပ်မတော်သားဆရာဝန် ၁၈ ဦးသည် စတုတ္ထအကြိမ်အဖြစ် သွားရောက်တွဲဖက်တာဝန် ထမ်းဆောင်လျက်ရှိ

ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၌ တပ်မတော်သား ဆေးမှူးအရာရှိများ တာဝန်ထမ်းဆောင်ခဲ့မှု

ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တပ်မတော်သား ဆေးမှူးအရာရှိများကို ၂၀၁၆ ခုနှစ်ကတည်းက စေလွှတ်ခဲ့ရာ ပထမအကြိမ် ၄၄ ဦး၊ ဒုတိယအကြိမ် ၄၄ ဦး၊ တတိယအကြိမ် ၄၆ ဦးနှင့် စတုတ္ထအကြိမ်တွင် ၁၈ ဦးဖြင့် ဆေးမှူးအရာရှိ ၁၅၂ ဦးကို လေးကြိမ်ခွဲ၍ စေလွှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တတိယအကြိမ် ဆေးအကာအကွယ်ပေးတာဝန်များကို ထမ်းဆောင်ရန်အတွက် ဆေးမှူးအရာ ရှိ ၄၆ ဦးကို စေလွှတ်ခဲ့ရာ ၄၄ ဦး ပြန်လည်ရောက်ရှိလာခဲ့ပြီး ၂ ဦးသည် လုံလဲတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်ရင်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကိုခံခဲ့ရသည့်အတွက် ကျဆုံးခဲ့ရသည်ကိုလည်း စိတ်မကောင်းဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ တတိယအကြိမ် စေလွှတ်ခဲ့သည့် တပ်မတော်သားဆေးမှူးများသည် တွန်းဇီ၊ မတူပီ၊ မှောင်တလန်၊ လဟယ်နှင့် နန်းယွန်းအစရှိသည့် ဒေသများတွင်ရှိသည့် မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်း ၂၃ နေရာ၌ ၂ နှစ်နှင့် ၃ လကြာ တာဝန်ထမ်းဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုအထဲမှ ဆေးမှူးအရာရှိ နှစ်ဦးဖြစ်သည့် ဗိုလ်ကြီး လှိုင်မြင့်ထွန်းနှင့် ဗိုလ်ကြီးဝင်းကျော်တို့နှစ်ဦးသည် ကျရာတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခြင်းကို ခံခဲ့ရသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

လူတစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ဘဝများ ရှင်သန်ရပ်တည်ရန် တစ်ဦးချင်းစီ၏ မျှော်လင့်ချက်ပန်းတိုင်များ ရှင်သန်နေရန်လိုကြောင်း၊ **ပြည်သူ့တစ်ဦးချင်းစီ၏ မျှော်လင့်ချက်ပန်းတိုင် ရှင်သန်ခြင်းမှသည် မိသားစုနှင့် နိုင်ငံတော်၏မျှော်လင့်ချက်ပန်းတိုင်များ ရှင်သန်စေပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အောင်မြင်မှုကို ရရှိလာနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ဝေးလံခေါင်ဖျားသည့် ဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးမှူးအရာရှိများ အနက် ၇၆ ဦးကို ဆေးပညာမဟာသိပ္ပံ သင်တန်းကို တိုက်ရိုက်တက်ရောက်ခွင့်ပြုခဲ့ပြီး ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ **ဆေးမှူးအရာရှိများအနေဖြင့်လည်း မိမိတို့၏ဘဝ မျှော်လင့်ချက်ပန်းတိုင်ကို ရောက်ရှိအောင် မျက်ခြည်မပြတ် ဆက်လက်ကြိုးပမ်းအားထုတ်ခြင်းဖြင့် မိမိအကျိုး၊ မိမိ မိသားစုအကျိုး၊ နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို တိုးတက်အောင်ဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုရရှိခဲ့သည့် ဂ္ဂ၊ လုံ့လ၊ ဝီရိယနှင့် စိတ်ရှည် သည်းခံမှု၊ ရောင့်ရဲတင်းတိမ်မှုများကို မလျှော့ကြရန် မှာကြားလိုကြောင်း**။

ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးမှူးအရာရှိများအနက် ထူးခြားချက်အနေဖြင့် တပ်မတော်သားဆေးမှူးအရာရှိတစ်ဦးသည် ၂၀၁၈ ခုနှစ်တွင် မတူပီမြို့နယ် ပြည်သူ့ဆေးရုံတွင် ပထမအကြိမ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ယခု ၂၀၂၂ ခုနှစ်တွင်လည်း ဒုတိယအကြိမ်အနေဖြင့် မိမိ ဆန္ဒအလျောက် လဟယ်မြို့နယ် ပြည်သူ့ဆေးရုံတွင် ထပ်မံသွားရောက် တာဝန်ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရသည့်အတွက် ချီးကျူးဂုဏ်ယူကြောင်းကို ပြောကြားလိုပါကြောင်း။ *စာမျက်နှာ ၄ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

စာမျက်နှာ ၃ မှ

တပ်မတော်အနေဖြင့် ယခုကဲ့သို့ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်ရှိသည့် တိုင်းရင်းသားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာတွင် ပထမအကြိမ်အနေဖြင့် ဒေသခံပြည်သူလူထု ၂၀၂၃၃၂ ဦး၊ ဒုတိယအကြိမ်အနေဖြင့် ၁၇၁၀၈၄ ဦး၊ တတိယအကြိမ်အနေဖြင့် ၉၃၆၀၀၊ စုစုပေါင်း ၄ဖြ၇၀၁ဖ ဦးတို့ကို ပြုစုစောင့်ရှောက်မှုများ ပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးနှင့် သားဖွားမီးယပ်ရောဂါ၊ မျက်စိနှင့် နား၊ နှာခေါင်းရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ အစရှိသည့် ရောဂါများခံစားနေရသည့် ဒေသခံပြည်သူလူထုကို ပြုစုစောင့်ရှောက်မှုပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းသည် မိမိတို့တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ အရေးနှင့်ပတ်သက်ပါက အစဉ်အမြဲ ဦးထိပ်ထား ဆောင်ရွက်ပေးလျက်ရှိသည်ကို ဖော်ပြလျက်ရှိသည့် အချက်များပင်ဖြစ်ကြောင်း။

ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုများကို အစဉ်အဆက် ဆောင်ရွက်ပေးလျက်ရှိ

ယခုအချိန်သည် နိုင်ငံတကာနှင့် နိုင်ငံအတွင်း၌ပါ ကပ်ရောဂါ ဘေးဒဏ်များနှင့် ကျန်းမာရေးဆိုင်ရာ လူစွမ်းအားအရင်းအမြစ်များ လျော့နည်းကျဆင်းမှုများ ကြုံတွေ့နေရသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံများအနေဖြင့် လူဦးရေ ၁၀၀၀ တွင် အနည်းဆုံး ဆရာဝန် ၁ ဦးနှင့် ကျန်းမာရေးလုပ်သား အနည်းဆုံး ၂ ဒသမ ၃ ဦး ရှိသင့်ကြောင်း သတ်မှတ်ထားရာ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် လူဦးရေ ၁၀၀၀ ၌ ဆရာဝန် ၀ ဒသမ ၃၇ ဦး၊ ကျန်းမာရေးလုပ်သား ၁ ဒသမ ၄၇ ဦးရှိသည်ကို တွေ့ရှိရပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်ထက် လျော့နည်းနေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ မကြာသေးမီက ဖြစ်ပွားခဲ့သော နိုင်ငံရေးပဋ္ဌိပက္ခတွင် ကျန်းမာရေးဝန်ထမ်းအချို့သည် လုပ်ငန်းခွင် စွန့်ခွာမှုများ ပြုလုပ်ခဲ့သည့်အတွက် နိုင်ငံအတွင်း၌ရှိသည့် ကျန်းမာရေးဝန်ထမ်းအင်အားမှာ များစွာ လျော့နည်းခဲ့ရပါကြောင်း၊ ထိုကဲ့သို့လျော့နည်းခဲ့သည့်အတွက် လစ်ဟာသွားသည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ဖြည့်ဆည်းနိုင်ရန် တပ်မတော်ဆေးရုံ၊ ဆေးပေးခန်းများတွင် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ယခုအချိန်ထိ ပြင်ပလူနာ ၄၄၉၈၉၂ ဦး၊ ဆေးရုံတက်လူနာ ၁၃၇၀၈၀ ကို ပြုစုစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံ့အရေး၊ တိုင်းရင်းသားပြည်သူများအရေး တို့နှင့် ပတ်သက်ပါက အစဉ်အမြဲဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်သည့် နေရာတွင် **တပ်မတော်၏ မူလတာဝန်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုဆောင်ရွက်သည့်နည်းတူ ပြည်သူလူထုကျန်းမာရေးနှင့် ပညာရေးများကိုလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်လျက်ရှိကြောင်း**၊ ယခုကဲ့သို့ဝေးလံခေါင်ဖျားသည့် ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု တာဝန်များ ထမ်းဆောင်နိုင်ခဲ့သည့်အတွက်လည်း ချီးကျူးဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ **နောင်လာမည့် အနာဂတ်တွင်လည်း ဆရာဝန်တစ်ဦးအနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်ရေးကို ဆောင်ရွက်ရမည့်နည်းတူ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးကိုလည်း ဦးထိပ်ထား ဆက်လက်ဆောင်ရွက်သွားကြရန်** မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဝေးလံခေါင်ဖျားဒေသများရှိ ပြည်သူများကို တပ်မတော်သားဆရာဝန်များက ဆေးဝါးကုသမှုပေးစဉ်။

ဂုဏ်ပြုလက်ဆောင်များအသီးသီးပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ တပ်မတော်သားဆရာဝန်များကိုယ်စား ဆေးမှူး သုံးဦးက လက်ခံရယူသည်။

တပ်မတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက်သာမက ပြည်သူ့အကျိုးပြု လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့

ယင်းနောက် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များကိုယ်စား ဆေးမှူး ဗိုလ်ကြီး လှိုင်မြင့်ထွန်းက ဆေးဝါးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံခဲ့ရမှုများအား ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝ မရရှိသေးသည့် ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့စဉ် မိမိတို့၏ အသေးစိတ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက နယ်မြေခံဒေသခံလူထုအပေါ် ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ရေးအတွက် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ အုပ်ချုပ်ထောက်ပံ့မှုပစ္စည်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည့်အတွက် ယခုကဲ့သို့ မိမိတို့၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် နယ်မြေခံပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရေးအတွက်သာမက ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ဒေသဘက်စုံတိုးတက်ရေးလုပ်ငန်းများနှင့် အခြေခံပညာစာပေ သင်ကြားရေးများတွင်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဒေသခံ ပြည်သူလူထု၏ နွေးထွေးသည့် တုံ့ပြန်မှုများကိုလည်း ရရှိခဲ့ပါကြောင်း၊ မိမိတို့ **တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးခဲ့ပြီး လမ်းညွှန်ပြသစောင့်ရှောက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကျေးဇူးတာဝန်များကို ကျေပွန်စွာ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်**ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများနှင့် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအား ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ဂုဏ်ပြုလက်ဖက်ရည် သုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားဆရာဝန်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျား၌ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးရန်အတွက် ဆရာဝန်လိုအပ်လျက်ရှိသည့် ဆေးရုံများတွင် တပ်မတော်သားဆရာဝန်များ တာဝန်ထမ်းဆောင်ခဲ့မှုအနေဖြင့် ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့် လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် တပ်မတော်သားဆရာဝန် ၄ဖ ဦးဖြင့်လည်းကောင်း အသီးသီး တာဝန်လဲလှယ်ထမ်းဆောင်ခဲ့ကြပြီး ယခု ၂၀၂၂ ခုနှစ်တွင်လည်း တပ်မတော်သားဆရာဝန် ၁၈ ဦးသည် စတုတ္ထအကြိမ်အဖြစ် သွားရောက်တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ တာဝန်လဲလှယ်ထမ်းဆောင်ချိန်များတွင်လည်း ဒေသခံပြည်သူများက တပ်မတော်သားဆရာဝန်များနှင့် မိသားစုများကို လိုက်လဲနွေးထွေးစွာ ကြိုဆိုခဲ့ကြကြောင်း၊ ထိုသို့ သွားရောက်တာဝန်ထမ်းဆောင်စဉ် ၎င်းတို့၏ မိသားစုများသည်လည်း အတူတကွလိုက်ပါကြပြီး ကျေးလက်တာဝန်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အတူတကွ တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

တပ်မတော်သားဆရာဝန်များအနေဖြင့် စတင် တာဝန်ထမ်းဆောင်ချိန်မှစ၍ တတိယအကြိမ်အထိ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၄ဖြ၇၀၁ဖ ဦးတို့ကို ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဒေသခံပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စားဝတ်နေရေး အထောက်အကူဖြစ်စေရန် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းများ၊ ဒေသဘက်စုံတိုးတက်ရေး လုပ်ငန်းများတွင်လည်း ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များဖြင့် ဒေသခံပြည်သူတို့၏ အကျိုး၊ နိုင်ငံတော်အကျိုးကို တတ်စွမ်းသရွေ့ သယ်ပိုးထမ်းရွက်နိုင်ခဲ့ကြသဖြင့် ယခုကဲ့သို့ အခမ်းအနားဖြင့် ဂုဏ်ပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူ ပြည်သူများအား တွေ့ဆုံအားပေးပြီး အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်

လွိုင်ကော် ဧန်နဝါရီ ၁၃

၂၀၂၃ ခုနှစ် ဧန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနား သို့တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် လွိုင်ကော်လေဆိပ်သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဧော်မျိုးတင်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ ကယားတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကအဖွဲ့များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူငယ်များ သင်တန်းကျောင်းမှ ကျောင်းသားတို့က အကအလှများဖြင့် နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဧော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဒေါက်တာ အေးထွန်းနှင့် တာဝန်ရှိသူတို့သည် လွိုင်ကော်မြို့ ခရစ်တော်ဘုရင် ဗဟိုဘုရားကျောင်းသို့ သွားရောက်ပြီး လွိုင်ကော်ကက်သလစ် သာသနာမှ ကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် ဘုရားကျောင်းတွင် ယာယီနေထိုင်လျက်ရှိသည့် ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးရောက်၍ ဥတ္တရာရုံဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဇိနောဘာသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်းရှိ ယာယီနေရပ်စွန့်ခွာသူပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး **(အပေါ်ပုံ)** အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

(၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို ကယားပြည်နယ် အစိုးရအဖွဲ့က ဦးဆောင်ပြီး ဧန်နဝါရီ ၁၅ ရက်တွင် လွိုင်ကော်မြို့ ကယားပြည်နယ်ခန်းမ၌ ကယားပြည်နယ်နေ့ မုခ်ဦးဖွင့်ပွဲ၊ သဝဏ်လွှာဖတ်ပွဲနှင့် လူထုအခမ်းအနား၊ ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားတို့ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြည်နယ်နေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် လွိုင်ကော်မြို့ ဦးသီရိကတ္တရာ ကွန်ကရစ်လမ်းနှင့် မင်းကျောင်းကတ္တရာ ကွန်ကရစ်လမ်းဖွင့်ပွဲများ၊ ပြည်နယ်အားကစားကွင်းအတွင်း မီတာ ၄၀၀ Synthetic ဖွင့်ပွဲ၊ ကိုယ်ကာယ လေ့ကျင့်ရေးအားကစားခန်းမဖွင့်ပွဲ၊ ဌာနဆိုင်ရာ ပြခန်းဖွင့်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် ယာယီနေရပ်စွန့်ခွာသူပြည်သူတစ်ဦးအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူပြည်သူများကို အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

မောင်တောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးတည်ဆောက်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

မောင်တော ဧန်နဝါရီ ၁၃

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေး လုပ်ငန်းများ၏ ဆောင်ရွက်နေမှု အခြေအနေများအား ယနေ့နံနက်ပိုင်းက မောင်တောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကံထွန်းအောင်နှင့်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်အေးသိန်းက တည်ဆောက်ရေးလုပ်ငန်းများ၏ ခွင့်ပြုရန်ပုံငွေများနှင့် လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်တည်ဆောက်ရေး လုပ်ငန်းများ စိစစ်ရေး ကော်မတီဝင်များက ပဏာမစိစစ်တွေ့ရှိမှု အခြေအနေများ တင်ပြခဲ့ကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေး ကော်မတီဝင်များသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် တည်ဆောက်ရေး လုပ်ငန်းများအနက် ကုမ္ပဏီများမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ပြည့်ဆန္ဒကုမ္ပဏီမှ ခွင့်ပြုရန်ပုံငွေ ၁၅၈ ဒသမ ၅၆၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ဝေသာလီအလယ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ Golden Kabar ကုမ္ပဏီမှ ခွင့်ပြုရန်ပုံငွေ ၁၁၈ ဒသမ ၅၉၃ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ဝေဘာဂီ လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ဗိုလ်မှူးရွာသွားလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ Akyab Clay ကုမ္ပဏီမှ ခွင့်ပြုရန်ပုံငွေ ၁၂၅ ဒသမ ၁၄၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ကမ်းနားလမ်းဖြတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် အလောင်းဘုရားလမ်းဘေးကျောက်စီ ရေမြောင်း၊ ရေမြောင်းကွန်ကရစ် အဖုံးပြုလုပ်ခြင်းလုပ်ငန်း၊ နန်းပန်းလှိုင် ကုမ္ပဏီမှ ခွင့်ပြုရန်ပုံငွေ ၂၇၇ ဒသမ ၅၇၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် မောင်နီရွာသွားလမ်းအပိုင်း(၁) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ရွှေမြအောင်ကုမ္ပဏီမှ ခွင့်ပြုရန်ပုံငွေ ၁၄၂ ဒသမ ၁၁၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် လသာရွာသွားလမ်း အပိုင်း(၁) ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများအား မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလ ဘဏ္ဍာရေးနှစ်အတွင်း စံချိန်၊ စံညွှန်း အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေးဆောင်ရွက်ကြရန် ကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သက်လွင်စိုး ခရိုင်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစန်းဝေ (ငြိမ်း)အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးဇော်ဝင်း (ကွယ်လွန်)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်နွဲ့ဝင်း အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း သီရိပျံချီ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ "ဝ" အမျိုးသားပါတီ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ ကိုယ်စား သားဖြစ်သူ ဦးခွန်စောမင်းခေါင် အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း ဝဏ္ဏကျော်ထင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ရှမ်းပြည်နယ် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးပါတီ(RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ် ကိုယ်စား ဦးစိုင်းရှောင်းဟန် အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

❑ *ကျော်ဖုံးမှ*

ထိုသို့ ချီးမြှင့်ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၁)စက်မှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး (ငြိမ်း) ဦးသိန်းအောင် (ကိုယ်စား) ဇနီး ဒေါ်စန်းစန်းလွင်ထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက အလင်္ကာကျော်စွာ ဘွဲ့ရရှိသူ ဂီတပညာရှင် စန္ဒရားချစ်ဆွေ (ကွယ်လွန်)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သန်းသန်း၊ စာရေးဆရာ မောင်မောင်လတ်(နောင်)၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးဇော်ဝင်း (ကွယ်လွန်)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်နွဲ့ဝင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်(ငြိမ်း)၊ သီရိပျံချီဘွဲ့ရရှိသူ တရားရေးရာဌာနဝန်ကြီး ဦးခင်မောင်လတ်(ငြိမ်း) ကိုယ်စား သားဖြစ်သူ ဦးခင်မောင်လေး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ လယ်ယာနှင့်သစ်တောဌာန ဒုတိယဝန်ကြီး ဦးကျော်ထိန် (ငြိမ်း)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ရီရီဝင်း၊ သီရိပျံချီဘွဲ့ရရှိသူ ဒုတိယဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်(ငြိမ်း)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်သန်းနွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထဲရေးဝန်ကြီးဌာန ရဲချုပ် ဦးသိန်းအောင်(ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်တင်တင်မြင့်၊ သီရိပျံချီဘွဲ့ရရှိသူ သမ္မတရုံး ဝန်ကြီးဌာန (၃) ပြည်ထောင်စုဝန်ကြီး ဦးကျော်စွာခိုင် (ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်ဖြူမာ၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစန်းဝေ (ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတိုက်စိုး (ငြိမ်း)၊ သမဝါယမဌာန ဒုတိယဝန်ကြီး ဦးကျော်သန်း (ငြိမ်း)၊ ကျန်းမာရေးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးထွန်းလှဖြူ(ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သန်းသန်းမေ၊ သီရိပျံချီဘွဲ့ရရှိသူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဟန်ဇော်(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (ငြိမ်း) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခိုင်နွယ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဦးတင်ခ၊ စာရေးဆရာ ဒေါက်တာသော်ကောင်း၊ အနုပညာရှင် ဦးညွှန့်ဝင်း (ကွယ်လွန်) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်မကြီး၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဗိုလ်မှူးချုပ် စန်းကြည်(ငြိမ်း)ကိုယ်စား သမီးဖြစ်သူ ဒေါ်တင်တင်ကြည်၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဦးကျောက်ဆောက်သာနိုး (မောင်သာနိုး) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်လေးနွယ်၊ စာရေးဆရာ ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန ဒုတိယဝန်ကြီး ဦးညွှန့်မောင် (ငြိမ်း)ကိုယ်စား သမီးဖြစ်သူ ဒေါ်ကြူကြူမောင်၊ အမှတ်(၂)စက်မှုဌာန ဒုတိယဝန်ကြီး ဦးဦးစောလှ (ငြိမ်း)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်အေးရွှေ၊ ဧရယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် မောင်မြင့်(ငြိမ်း)တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များအား ၎င်းတို့၏ နေအိမ်များသို့ သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းကြသည်။

ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်း

ထို့အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သီရိပျံချီ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ဦးထွန်းမြင့်ကိုယ်စား မြေးဖြစ်သူ ဦးတင်မြင့်လှိုင်၊ "ဝ" အမျိုးသားပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ ကိုယ်စား သားဖြစ်သူ ဦးခွန်စောမင်းခေါင်၊ ဝဏ္ဏကျော်ထင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ ရှမ်းပြည်နယ် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးပါတီ(RCSS/SSA) ဥက္ကဋ္ဌ ဦးယွက်စစ် ကိုယ်စား ဦးစိုင်းရှောင်းဟန်၊ ဦးကေဗရပျံ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်အယ်နီ၊ အလင်္ကာကျော်စွာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ စာရေးဆရာ ဦးသန်းထွန်းတို့ကို ဆုများပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ချောက်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူနေမှုများ ကြည့်ရှုစစ်ဆေး

ချောက် ဇန်နဝါရီ ၁၃ – မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးကျော်၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး ကောင်းမြတ်ဆန်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်မှူးဦးစန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၂ ရက်က ချောက်မြို့အမှတ်(၁၁) ရပ်ကွက်၊ အမှတ်(၁၅)ရပ်ကွက်အတွင်း မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ချောက်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မြေပြင်ရှိ လူဦးရေစာရင်းများ တိကျမှန်ကန်စေရေး တစ်အိမ်တက်ဆင်း အိမ်ထောင်စုလူဦးရေတိုက်ဆိုင် စစ်ဆေးစာရင်းကောက်ယူရေးလုပ်ငန်းကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီမှစတင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့်ကျေးရွာများတွင် တစ်အိမ်တက်ဆင်း လိုက်လံစာရင်းကောက်ယူလျက်ရှိသည်။

ချောက်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၇၁ အုပ်စု အိမ်ထောင်စုပေါင်း ၆၂၇၆၀ ရှိပြီး Working Group အဖွဲ့ ၁၆၄ ဖွဲ့ဖြင့် တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ ရက် မှ စတင်ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၁၂ ရက်အထိ စာရင်းကောက်ယူပြီး အိမ်ထောင်စု ၁၁၄၅၉ စုရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဌာန၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကြုံတောင့်ကြုံခဲ့ နေ့ထူးနေ့မြတ် အခါသမယဖြစ်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား၌ ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် မိမိဝန်ကြီးဌာန၏ သမိုင်းတွင်မည့် ပါဝင်ဆင်နွှဲမှုတစ်ခုဖြစ်ကြောင်း၊ မိမိတို့ဘဝ တစ်သက်တာအတွက်လည်း ဂုဏ်ယူဖွယ်အဖြစ်ကျန်ရစ်နေမည်ဖြစ်ကြောင်း၊ ဂုဏ်ပြုအခမ်းအနားတွင် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခဲ့သည့် ဝန်ထမ်းများကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား ဦးစားပေးကဏ္ဍများကို ချမှတ်ထားသည့် ရပ်တည်ချက်၊ ဦးတည်ချက်၊ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်၍ "ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီသို့" ဟူသော သန္ဓိဋ္ဌာန်စိတ်ဓာတ်ဖြင့် ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြစေလိုကြောင်း၊ နိုင်ငံတကာနှင့် အပြုသဘော ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ကာ "သားကောင်းတမန်၊ ပြည့်အားမာန်၊ စွမ်းရည်ပြည့်ဝ နေလုံးလှဖြင့် ကာကွယ်သယ်ပိုး နိုင်ငံ့အကျိုး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အစဉ်အလာကောင်းကို ထိန်းသိမ်းကာ ဆက်လက်ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စစ်ရေးပြတပ်ခွဲ၊ ဂုဏ်ပြုယာဉ်၊ အထိမ်းအမှတ်ပြခန်း စီစဉ်ဆောင်ရွက်ရေးကော်မတီတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သူများနှင့် "မြန်မာ့သားကောင်းတမန်" ဂုဏ်ပြုသီချင်းအား ရေးစပ်သီကုံးသည့် ဌာနအကြီးအကဲနှင့် ပါဝင်သီဆိုသူတို့ ကိုယ်စား တာဝန်ရှိသူများထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး (ဝဲပုံ) ဝန်ထမ်းများနှင့်အတူ ပျော်ရွှင်စွာ ဂုဏ်ပြုညစာကို သုံးဆောင်သည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားများသို့ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၃

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကို Green City၊ Clean City၊ Smart City အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးများကို အထွက်တိုးကောင်းအောင် စနစ်တကျ စိုက်ပျိုးစေလိုကြောင်း၊ MSME နှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းများထက် တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ နေပြည်တော်ကို ပညာရေးမြို့တော်အဖြစ် ဆောင်ရွက်ရာတွင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မြို့တော်သန့်ရှင်းသာယာ လှပရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ငါးခြောက်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာရေးဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမများ၌ ကျင်းပသည့် ဒေသဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများရှင်းလင်းတင်ပြခြင်း အခမ်းအနားများသို့ တက်ရောက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ အခမ်းအနားများ၌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံ ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ငါးခြောက်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်

ကျောက်တော် – ပလက်ဝ သင်္ဘောခရီးစဉ် တစ်ပတ်လျှင် နှစ်ကြိမ်ပြေးဆွဲပေး

ပလက်ဝ ဇန်နဝါရီ ၁၃

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်သို့ ရေနယားသင်္ဘောခရီးစဉ်ကို အပတ်စဉ်အင်္ဂါနေ့နှင့် သောကြာနေ့များတွင် ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ အများပြည်သူ ခရီးသွားလာရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးတို့အတွက် အဆင်ပြေချောမွေ့စွာ စတင်ပြေးဆွဲပေးလျက်ရှိသည်။ (ဝဲပုံ)

အဆိုပါ ရေနယားသင်္ဘောခရီးစဉ်ပြေးဆွဲခြင်းကို အခြေအနေအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရာ ပလက်ဝမြို့နယ်ရှိ အများပြည်သူများ ပလက်ဝစျေးဆိုင်များ၌ ကုန်ပစ္စည်းများ ပြတ်လုနီးပါးဖြစ်ခဲ့ရာ ကုန်စျေးနှုန်းကြီးမြင့်ခြင်းဖြင့် စားဝတ်နေရေးအပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ယခုအခါ ကျောက်တော်–ပလက်ဝ ရေလမ်းကြောင်း ပြန်ဖွင့်လာပြီဖြစ်၍ သင်္ဘောခရီးစဉ်ကို တစ်ပတ်နှစ်ကြိမ် ပုံမှန်ပြေးဆွဲပေးသည့်အတွက် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် ခရီးသွားလာရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေး၊ လူသုံးကုန်ပစ္စည်းများ၊ ကုန်စည်၊ ရိက္ခာများစျေး၊ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် *601# ၊ Atom အတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာန

မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံ ၁၇၀ နိုင်ငံတွင် အိန္ဒိယနိုင်ငံသည် စတုတ္ထကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၃

အိန္ဒိယသမ္မတနိုင်ငံမှ Virtual စနစ်ဖြင့် ကျင်းပသည့် Voice of the South Summit ၏ စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ဝန်ကြီးများ အဆင့် ဆွေးနွေးပွဲကို ယနေ့ ညနေပိုင်းတွင် ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ပါဝင်တက်ရောက်သည်။ (ယာဝုံ)

ဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီးက မြန်မာနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်ပြီး အရေးပါသည့် စီးပွားရေးမိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံ ၁၇၀ နိုင်ငံတွင် အိန္ဒိယနိုင်ငံသည် စတုတ္ထကုန်သွယ်မှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြင့်တက်စေရေး ပူးပေါင်းဆောင်ရွက်သွားရန် ဒေသတွင်းရှိ အခြားမိတ်ဖက်နိုင်ငံများကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် ပိုမိုအားကောင်းစေရေး အပြင် စီးပွားရေးအလားအလာကောင်းများရှာဖွေရန်၊ ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေရန်နှင့် ခရီးသွားလုပ်ငန်းများ ကောင်းမွန်စေရန် တိုက်တွန်းဆောင်ရွက်သွားရေးနှင့် ပတ်သက်၍ အမြင်များဖလှယ်ရေး၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ထုတ်လုပ်မှု၊ နည်းပညာ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့တောင်ဘက်ပိုင်းရှိ နိုင်ငံများ အားလုံးနှင့် နှစ်နိုင်ငံ၊ နိုင်ငံစုံနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပူးပေါင်းချိတ်ဆက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၂၅ နိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်အမှာစကားပြောကြားကြကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၏ နေ့စဉ်ဆောင်ရွက်ချက်များကို စိစစ်ကြပ်မတ်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် May Bank , Yangon Branch မှ Sulaiman Abdul Aziz (Country Head) နှင့် Chang Hon Huen (Eddie) (Head, Operations) တို့မှ တာဝန်ရှိသူများကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ) ၌ လက်ခံတွေ့ဆုံသည်။ **(ဝဝုံ)**

တွေ့ဆုံစဉ် May Bank အနေဖြင့် မြန်မာနိုင်ငံတွင် ဘဏ်ခွဲဖွင့်လှစ်ပြီးနောက် ဆောင်ရွက်နေမှု ၊ ရုံးချုပ်၏ မူဝါဒများ ဆွေးနွေးတင်ပြခဲ့ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ လမ်းညွှန်ချက်ကို လိုလားပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၏ နေ့စဉ်ဆောင်ရွက်ချက်များကို စိစစ်ကြပ်မတ်လျက်ရှိပြီး လက်ရှိနိုင်ငံခြားငွေ စျေးကွက်တိုးတက်မှု၊ Interbank Market တွင် ဆောင်ရွက်နေမှုများ၊ ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုများ၊ Worker Remittance အတွက် မလေးရှားရောက် မြန်မာများမှ ပြန်လည်လွှဲပို့ရာတွင် May Bank မှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ပေးရေး၊ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးအောင်အောင်၊ စာရင်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ရွှေဝါတို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

တီကျစ်မြို့အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

တီကျစ် ဇန်နဝါရီ ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တီကျစ်မြို့အတွင်း လျှပ်စစ်ဓာတ်အားအန္တရာယ် ကင်းရှင်းစေရန်၊ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရန်၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချရန်နှင့် တရားမဝင်သုံးစွဲမှုများမရှိစေရန် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၂ ရက်တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုင်းရန်နိုင်နှင့် ဝန်ထမ်းများက ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မီတာစစ်ဆေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။ **(ယာဝုံ)**

တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော မီတာများ ရပ်/ပျက်/နှေး ဖြစ်ပေါ်မှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး ယင်းသို့စစ်ဆေးမှုများကို လစဉ်သတ်မှတ်ရက်များအလိုက် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း တာဝန်ရှိသူထံမှ သိရသည်။

ကိုလေး(ပြန်/ဆက်)

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဧန်နဝါရီ ၁၃

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဂုဏ်ပြုယာဉ်နှင့် ပြခန်းတို့၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများ ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့ပြုလုပ်သော အခမ်းအနားသည် သမိုင်းတွင် ကျန်ရစ်မည့် နိုင်ငံတော်အဆင့်အခမ်းအနားကြီးတွင် ကဏ္ဍအလိုက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားဖြစ်ပါကြောင်း၊(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သည် ကြုံတောင့်ကြုံခဲ နေ့ထူးနေ့မြတ် ဖြစ်သည့်အတွက် ထူးခြားလေးနက်စွာ ဂုဏ်ပြုခြင်းဖြစ်သည့် အတွက် ပါဝင်ဆင်နွှဲခွင့် ရရှိခဲ့ကြသည့် ဝန်ထမ်းများအနေနှင့် ဂုဏ်ယူနေရမည့် အခမ်းအနားကြီးဖြစ်ပါကြောင်း၊ အခမ်းအနားတွင် ပါဝင်ခဲ့ကြသည့် ဝန်ထမ်းများကို ဝတ်စုံထောက်ပံ့ပေးခြင်း၊ ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ဦးစီးဌာနအလိုက် အလှည့်ကျ နံနက်စာနှင့် အင်အားဖြည့် အစားအသောက် ကျွေးမွေးခြင်းအပြင် လိုအပ်သည့် ဆေးဝါးများကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် စစ်ရေးပြတပ်ခွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ အနေနှင့် ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်ကြသည့်အတွက် စစ်ရေး

ပြလေ့ကျင့်ခြင်း မပြုလုပ်ရသည့် ဝန်ထမ်း ၁၆၅ ဦးအတွက် တစ်ဦးလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ကျပ် ၁၆၅ သိန်း၊ ဂုဏ်ပြုယာဉ်တွင် ပါဝင်သည့် ဝန်ထမ်း ၅၂ ဦးအတွက် တစ်ဦးလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ကျပ် ၅၂ သိန်း စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၁၇ သိန်း ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

သမိုင်းတွင် ကျန်ရစ်မည့် အခမ်းအနားကြီး အောင်မြင်မှုရရှိစေရန် ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်သည့် ဝန်ထမ်းကောင်းစိတ်ဓာတ်၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် စိတ်ဓာတ်တို့ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး အလေ့အကျင့်ကောင်းများ၊ အတွေ့အကြုံကောင်းများကို ရယူ၍ နိုင်ငံတော်ယန္တရားများ ပိုမိုကောင်းမွန်စွာ အရှိန်အဟုန်မြင့်တင်လည်ပတ်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆထက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြတပ်ခွဲတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဝန်ထမ်း ၁၆၅ ဦးအတွက် ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဝန်ကြီးဌာန ကိုယ်စားပြုဂုဏ်ပြုယာဉ် အတွက် အထူးဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ရာ ပါဝင်ဆောင်ရွက်ခဲ့သော ဝန်ထမ်းများကိုယ်စား အဖွဲ့ခေါင်းဆောင်များက လက်ခံရယူကြသည်။ (ဝဲပုံ)

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမြင့်စိုးက ဝန်ကြီးဌာနကိုယ်စားပြု ဂုဏ်ပြုယာဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သော ဝန်ထမ်းများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ဝန်ကြီးဌာနကိုယ်စားပြုပြခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဝန်ထမ်းများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များသည် ဝန်ထမ်းစားရိပ်သာတွင် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား၌ ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့သော ဝန်ထမ်းများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

သီပေါမြို့နယ် နမ့်လန်ဒေသ မြေသားလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်ဆောင်ရွက်

သီပေါ ဧန်နဝါရီ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာန အနေဖြင့် မြို့ပြနှင့် ကျေးလက်သို့ ဆက်သွယ်သော လမ်းများ၊ ကျေးရွာကုန်ထုတ်လမ်းများအပြင် လမ်းအလှုံ့ရှင်များ ပူးပေါင်းပါဝင်ကူညီမှုဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကတ္တရာ ဖ ဒသမ ၃ဖ တန် ပါဝင်ကူညီပံ့ပိုးမှုနှင့် နမ့်လန်မြို့လယ် ကျောင်းတိုက်ကြီး၏ ပဓာန နာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဥာဏောဘာသက လမ်းခင်းရာတွင် ကုန်ကျငွေလျှုဒါန်းမှုဖြင့် အေးချမ်းသာရပ်၊ မြို့လယ်ရပ်၊ ပန်ဆင်ရပ်ကွက်များသို့ ဆက်သွယ်သည့် အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မရှိ

ကတ္တရာလမ်းသစ်ကို သီပေါမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင် အရာရှိ ဦးအောင်စည်နှင့် လက်ထောက် အင်ဂျင်နီယာ ဒေါ်သီတာအေးတို့ ကြီးကြပ်ကွင်းဆင်းဆောင်ရွက်ရာ မြေသားလမ်းမှ ကတ္တရာလမ်းသစ် အဖြစ် ရာနှုန်းပြည့် ပြီးစီးနေပြီ ဖြစ်သည်။ (ဝဲပုံ)

အဆိုပါ မြေသားလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသဖြင့် မြို့ပြနှင့် ကျေးလက်ဒေသအပြင် ပတ်ဝန်းကျင်မြို့နယ်များသို့ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ ကုန်စည်များ ပို့ဆောင်ဆက်သွယ်နိုင်သဖြင့် ဒေသခံများနှင့် တောင်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့် မှုခင်းများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များအား အများပြည်သူသိရှိစေရန် ရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧန်နဝါရီ ၁၃

ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ရှောင်ရှားခြင်း၊ အခွန်လျော့နည်းပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာသတင်း အချက်အလက်များ လွဲမှားစွာ ဖော်ပြခြင်းနှင့် အခွန်ရှောင်တိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများပါဝင်သော အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် (Public Ruling) (၃/၂၀၂၂) ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်၍ နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သည့် https: //www.ird.gov.mm တွင်လည်းကောင်း ထည့်သွင်းအသိပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက် (Public Ruling) များအရ အခွန်ရှောင်ရှားခြင်း၊ ပေါ့ဆမှုဖြင့် သို့မဟုတ် မရိုးမဖြောင့်သော ရည်ရွယ်ချက်ဖြင့် အခွန်လျော့နည်းပေးဆောင်ခြင်း၊ မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော ဖော်ပြချက်များနှင့် အခွန်ရှောင်တိမ်းခြင်း စသည်တို့ကို ဖောက်ဖျက်ကျူးလွန်ပါက အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေဖြင့် အရေးယူခံရမည့်အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရလည်း ထပ်မံတရားစွဲဆိုခံရနိုင်ကြောင်း အများပြည်သူသို့ အသိပညာပေးသည့် ရှင်းလင်းဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ် အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ (၃)၊ (၄)တို့တွင် ပြုလုပ်ခဲ့ရာ အခွန်ထမ်းပြည်သူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၅၉၅၇ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧန်နဝါရီ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဧန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘူတာရပ်ကွက်နေ ထွေးထွေးသည် ၎င်းအသုံးပြုသည့် "Htwe Htwe" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း(၅၈)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

စဉ် မြန်မာစံချိန်စံညွှန်းများ

၁။ MMS IEC 61851–1:2017 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ် – အပိုင်း ၁– အထွေထွေ လိုအပ်ချက်များ

၂။ MMS IEC 61851–21–1:2017 လျှပ်စစ်သုံးယာဉ် လျှပ်ကူးအားသွင်းစနစ် – အပိုင်း ၂၁–၁– အေစီ/ဒီစီ ပို့ပေးရန် လျှပ်ကူးချိတ်ဆက်မှုအတွက် လျှပ်စစ်သုံးယာဉ်ပေါ်ရှိ အားသွင်းကိရိယာ၏ လျှပ်စစ်သံလိုက်လှိုင်း တွဲဖက်အသုံးပြုနိုင်မှု(အီးအမ်စီ)လိုအပ်ချက်

၃။ MMS IEC 61851–21–2:2018 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ်–အပိုင်း ၂၁–၂– အေစီ/ဒီစီ ပို့ပေးရန် လျှပ်ကူးချိတ်ဆက်မှုအတွက် လျှပ်စစ်သုံးယာဉ်လိုအပ်ချက်များ– ပြင်ပရှိ လျှပ်စစ်သုံးယာဉ်အားသွင်းစနစ်အတွက် လျှပ်စစ်သံလိုက်လှိုင်း တွဲဖက်အသုံးပြုနိုင်မှု(အီးအမ်စီ) လိုအပ်ချက်

၄။ MMS IEC 61851–23:2014 လျှပ်စစ်သုံးယာဉ်များ လျှပ်ကူးအားသွင်းစနစ် – အပိုင်း ၂၃– ဒီစီ လျှပ်စစ်ယာဉ်ဓာတ်အားသွင်းရုံ

၅။ MMS IEC 61851–24:2014 လျှပ်စစ်ယာဉ် လျှပ်ကူးအားသွင်းစနစ် – အပိုင်း ၂၄– ဒီစီ အားသွင်းခြင်းအား ထိန်းချုပ်ရန်အတွက် လျှပ်စစ်သုံးယာဉ်နှင့် ဒီစီလျှပ်စစ်သုံးယာဉ် ဓာတ်အားသွင်းရုံတို့ အကြားရှိ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးလိုင်း

၆။ MMS IEC 61851–25:2020 လျှပ်စစ်သုံးယာဉ် လျှပ်ကူးအားသွင်းစနစ် – အပိုင်း ၂၅– လျှပ်စစ်ပိုင်းခြားမှုအပေါ် မူတည်သည့် အကာအကွယ်ပြုသော ဒီစီလျှပ်စစ်သုံးယာဉ် လျှပ်စစ်ပေးပို့ကိရိယာ

၇။ MMS IEC 62196–3:2014 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့် ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – အပိုင်း ၆– ဒီစီငုတ်၊ အေစီ/ဒီစီ ငုတ်နှင့် လျှပ်စီးကြောင်းကို ပံ့ပိုးသည့် ယာဉ်ချိတ်ဆက်ကိရိယာများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာလိုအပ်ချက်များ

၈။ MMS IEC 62196–6:2022 လျှပ်စစ်သုံးယာဉ်၏ လျှပ်ကူးအားသွင်းသည့် ပလပ်များ၊ ပလပ်ပေါက်များ၊ ချိတ်ဆက်ပစ္စည်းများနှင့် ယာဉ်အားသွင်းပေါက်များ – အပိုင်း ၆– လျှပ်စစ်ပိုင်းခြားမှုကို မူတည်သည့် အကာအကွယ်ပြုသော ဒီစီလျှပ်စစ်သုံးယာဉ် ထောက်ပံ့ပေးသောကိရိယာအတွက် အသုံးပြုရန် ရည်ရွယ်ထားသော ဒီစီငုတ်နှင့် လျှပ်စီးကြောင်းကိုပံ့ပိုးသည့် ယာဉ်ချိတ်ဆက်ကိရိယာများအတွက် တွဲဖက်အသုံးပြုနိုင်သည့် အတိုင်းအတာလိုအပ်ချက်များ

၉။ MMS IEC 62660–1:2018 လျှပ်စစ်ယာဉ်များကို မောင်းနှင်မှုအတွက် အသုံးပြုသည့် ဆင့်ပွားလစ်သီယမ်–အိုင်းယွန်းဆဲလ်များ – အပိုင်း ၁ – စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၁၀။ MMS IEC 62660–2:2018 လျှပ်စစ်သုံးယာဉ်များကို တွန်းကန်ရန်အတွက် အသုံးပြုသည့် ဆင့်ပွားလစ်သီယမ်–အိုင်းယွန်းဆဲလ်များ – အပိုင်း ၂ – ယုံကြည်စိတ်ချရမှုနှင့် ပြင်းထန်သော နည်းလမ်းများဖြင့်စမ်းသပ်ခြင်း။

၁၁။ MMS IEC 62660–3:2022 လျှပ်စစ်သုံးယာဉ်များကို မောင်းနှင်မှုအတွက် အသုံးပြုသည့် ဆင့်ပွားလစ်သီယမ်–အိုင်းယွန်းဆဲလ်များ – အပိုင်း ၃– ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များ

၁၂။ MMS IEC TS 62840–1:2016 လျှပ်စစ်သုံးယာဉ် ဘက်ထရီလဲလှယ်မှုစနစ် – အပိုင်း ၁– အထွေထွေနှင့်လမ်းညွှန်ချက်

၁၃။ MMS IEC 62840–2:2016 လျှပ်စစ်သုံးယာဉ် ဘက်ထရီလဲလှယ်မှုစနစ် – အပိုင်း ၂– ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်များ

၁၄။ MMS IEC PAS 62840–3: 2021 လျှပ်စစ်သုံးယာဉ် ဘက်ထရီလဲလှယ်မှုစနစ် – အပိုင်း ၃– ဖြုတ်တပ်နိုင်ပြီး အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ်/ဘက်ထရီစနစ်များဖြင့် ဘက်ထရီဖြုတ်၊ တပ်၊ လဲလှယ်ခြင်းအတွက် သီးခြားဖြစ်သော အန္တရာယ်ကင်းရှင်းခြင်းနှင့် အပြန်အလှန်ဖလှယ်သုံးစွဲနိုင်သည့် စွမ်းရည်လိုအပ်ချက်များ

၁၅။ MMS IEC TS 63066:2017 ဖြုတ်တပ်နိုင်သော စွမ်းအင်သိုလှောင်မှုယူနစ်များအတွက် ဗို့အားနိမ့် ချိတ်ဆက်ပစ္စည်းများ

၁၆။ MMS CXS 206:1999 နို့နှင့်နို့ထွက်ပစ္စည်းဆိုင်ရာ ဝေါဟာရအသုံးပြုမှု ယေဘုယျစံချိန်စံညွှန်း

၁၇။ MMS ISO 10015:2019 အရည်အသွေးစီမံခန့်ခွဲမှု – စွမ်းဆောင်ရည်စီမံခန့်ခွဲရေးနှင့် ပြည်သူလူထုဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ချက်များ

၁၈။ MMS ISO 10018:2020 အရည်အသွေးစီမံခန့်ခွဲမှု – ပြည်သူလူထုပါဝင်ဆောင်ရွက်ရေး လမ်းညွှန်မှု

၁၉။ MMS ISO 22716:2007 အလှကုန်ပစ္စည်းဆိုင်ရာကောင်းမွန်သော ထုတ်လုပ်မှု ကျင့်စဉ် (GMP)– ကောင်းမွန်သောထုတ်လုပ်မှု ကျင့်စဉ်လမ်းညွှန်ချက်များ

၂၀။ MMS WHO TRS 908 :2003 ကောင်းမွန်သောဆေးဝါးသိုလှောင်မှုကျင့်စဉ်

၂၁။ MMS ASEAN Stan 28: 2012 ဖူးစားပြောင်း(ပြောင်းချို)စံချိန်စံညွှန်း

၂၂။ MMS ASEAN Stan 38: 2014 ကန်စွန်းဥစံချိန်စံညွှန်း

၂၃။ MMS ISO 7886–1: 2017 ပိုးသန့်စင်ထားသောတစ်ခါသုံးဆေးထိုးအပ်စံချိန်စံညွှန်း

၂၄။ MMS ASTM D6/D6–95(2018) ဆီနှင့် ကတ္တရာဆိုင်ရာဒြပ်ပေါင်းများ၏ အပူပေးခြင်းကြောင့် ဒြပ်ထုလျော့နည်းမှုအတွက် စံ စမ်းသပ်နည်းလမ်း

၂၅။ MMS ASTM D946/D946M–20 လမ်းလွှာတည်ဆောက်ရာတွင် အသုံးပြုသည့် ကတ္တရာ အပ်နစ်ဝင်မှုအဆင့် (Penetration–Graded) စံသတ်မှတ်ချက်

၂၆။ MMS ISO 7–1:1994 ဝက်အူရစ်များပေါ်တွင် Pressure–tight joint ပါသည့် ပိုက်ဝက်အူရစ်များ– အပိုင်း ၁ – အတိုင်းအတာများ၊ လက်ခံနိုင်သောကွဲလွဲမှုများနှင့် ရွေးချယ်သတ်မှတ်မှုများ

၂၇။ MMS ISO 7–1:1994/Cor 1:2007 ဝက်အူရစ်များပေါ်တွင် Pressure–tight joint ပါသည့် ပိုက်ဝက်အူရစ်များ– အပိုင်း ၁ – အတိုင်းအတာများ၊ လက်ခံနိုင်သော ကွဲလွဲမှုများနှင့် ရွေးချယ်သတ်မှတ်မှုများ – နည်းပညာဆိုင်ရာ ပြင်ဆင်ချက်(၁)

၂၈။ MMS ISO 7–2:2000 ဝက်အူရစ်များပေါ်တွင် Pressure–tight joint ပါသည့် ပိုက်ဝက်အူရစ်များ အပိုင်း ၂ – စံအတိုင်းအတာစစ်ဆေးသည့် ကိရိယာများဖြင့် စိစစ်အတည်ပြုခြင်း

၂၉။ MMS ISO 68–1:1998/Amd 1:2020 ISO အထွေထွေသုံးဝက်အူရစ်များ – အခြေခံသဏ္ဌာန် အပိုင်း ၁ – မက်ထရစ်စနစ်ဖြင့် တိုင်းတာသောဝက်အူရစ်များ ပြင်ဆင်ဖြည့်စွက်ချက်(၁)

၃၀။ MMS ISO 68–2:1998 ISO အထွေထွေသုံးဝက်အူရစ်များ – အခြေခံသဏ္ဌာန် အပိုင်း ၂ – လက်မစနစ်ဖြင့်တိုင်းတာသော ဝက်အူရစ်များ

၃၁။ MMS ISO 68–2:1998/Amd 1:2020 ISO အထွေထွေသုံးဝက်အူရစ်များ – အခြေခံသဏ္ဌာန် အပိုင်း ၂ – လက်မစနစ်ဖြင့်တိုင်းတာသော ဝက်အူရစ်များ ပြင်ဆင်ဖြည့်စွက်ချက် ၁

၃၂။ MMS ISO 228–1:2000 ဝက်အူရစ်များပေါ်တွင် Pressure–tight joint မပါဝင်သည့် ပိုက်ဝက်အူရစ်များ အပိုင်း ၁ – အတိုင်းအတာများ၊ ကွဲလွဲမှုများနှင့် ရွေးချယ်သတ်မှတ်မှုများ

၃၃။ MMS ISO 228–2:1987 ဝက်အူရစ်များပေါ်တွင် Pressure–tight joint မပါဝင်သည့် ပိုက်ဝက်အူရစ်များ အပိုင်း ၂ – စံအတိုင်းအတာစစ်ဆေးသည့် ကိရိယာများဖြင့် စိစစ်အတည်ပြုခြင်း

၃၄။ MMS ISO 263:1973 ISO လက်မစနစ်ဖြင့်တိုင်းတာသောဝက်အူရစ်များ – ဝက်အူရစ်များ၊ မူလီများနှင့် နပ်များအတွက် ယေဘုယျအစီအစဉ်များနှင့် ရွေးချယ်မှုများ – အချင်း ၀.၀၆ မှ ၆ လက်မအထိ

၃၅။ MMS ISO 725:2009 ISO လက်မစနစ်ဖြင့်တိုင်းတာသောဝက်အူရစ်များ– အခြေခံအတိုင်းအတာများ

၃၆။ MMS ISO 965–1:2013 ISO အထွေထွေသုံးမက်ထရစ်စနစ်ဖြင့် တိုင်းတာသော ဝက်အူရစ်များ– လက်ခံနိုင်သောကွဲလွဲမှု – အပိုင်း ၁: နည်းဥပဒေသများနှင့် အခြေခံအချက်အလက်များ

၃၇။ MMS ISO 1478:1999 Tapping ဝက်အူရစ်များ

၃၈။ MMS ISO 1501:2009 ISO အသေးစားဝက်အူရစ်များ

၃၉။ MMS ISO 1501:2009/ Amd 1:2020 ISO အသေးစားဝက်အူရစ်များ ပြင်ဆင်ဖြည့်စွက်ချက် ၁– အပြင်ဝက်အူရစ်၏ လက်ခံနိုင်သော ကွဲလွဲမှုအပိုင်းအခြားအတွက်ပုံစံ

၄၀။ MMS ISO 2901:2016 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံ ဝက်အူရစ်များ– အခြေခံနှင့်ဒီဇိုင်းပုံစံများ

၄၁။ MMS ISO 2902:2016 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံ ဝက်အူရစ်များ– ယေဘုယအစီအစဉ်များ

၄၂။ MMS ISO 2903:2016 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံ ဝက်အူရစ်များ– လက်ခံနိုင်သော ကွဲလွဲမှုများ

၄၃။ MMS ISO 2904:2020 ISO မက်ထရစ်စနစ်ဖြင့်တိုင်းတာသော တြာပီဇီယံပုံ ဝက်အူရစ်များ– အခြေခံအတိုင်းအတာများ

၄၄။ MMS ISO 5864:1993 ISO လက်မစနစ်ဖြင့်တိုင်းတာသောဝက်အူရစ်များ– ခွင့်ပြုနိုင်မှုနှင့် လက်ခံနိုင်သော ကွဲလွဲမှုများ

၄၅။ MMS ISO 16239:2013 ဝက်အူရစ်များတိုင်းတာခြင်းအတွက် metric series wires

၄၆။ MMS ISO 9328–1:2018 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် သံပြားထုတ်ကုန်များ –နည်းပညာပိုင်းဆိုင်ရာ ပေးပို့မှုအခြေအနေများ – အပိုင်း ၁ – အထွေထွေလိုအပ်ချက်များ

၄၇။ MMS ISO 9328–2:2018 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် သံပြားထုတ်ကုန်များ– နည်းပညာပိုင်းဆိုင်ရာပေးပို့မှုအခြေအနေများ – အပိုင်း ၂ – သတ်မှတ်ထားသည့် မြင့်မားသော အပူချိန်အလိုက် အလွိုင်းမဟုတ်သောစတီးနှင့် အလွိုင်းစတီးတို့၏ ဂုဏ်သတ္တိများ

၄၈။ MMS ISO 9329–1:1989 ဖိအားဆိုင်ရာ အသုံးပြုမှုများအတွက် ဆက်ကြောင်းမပါသော စတီးကျွတ်များ– နည်းပညာပိုင်းဆိုင်ရာ ပေးပို့မှုအခြေအနေများ– အပိုင်း ၁ – သတ်မှတ်ထားသည့် အခန်းအပူချိန်အလိုက် အလွိုင်းမဟုတ်သောစတီးတို့၏ ဂုဏ်သတ္တိများ

၄၉။ MMS ISO 9329–2:1997 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် ဆက်ကြောင်းမပါသော စတီးကျွတ်များ– နည်းပညာပိုင်းဆိုင်ရာ ပေးပို့မှုအခြေအနေများ– အပိုင်း ၂– သတ်မှတ်ထားသည့် မြင့်မားသောအပူချိန်အလိုက် အလွိုင်းမဟုတ်သောစတီးနှင့် အလွိုင်းစတီးတို့၏ ဂုဏ်သတ္တိများ

၅၀။ MMS JIS G 3192:2014 အပူပေးအပြားကြိတ် ဖြတ်ပိုင်းပုံသံမဏိအပိုင်းများ၏ အတိုင်းအတာ၊ ဒြပ်ထုနှင့် ခွင့်ပြုနိုင်သော ပြောင်းလဲချက်များ

၅၁။ MMS JIS G 3193 : 2019 အပူပေးအပြားကြိတ် သံမဏိချပ်အထူများ၊ အပြားချပ်များနှင့် အပြားလိပ်များ၏ အတိုင်းအတာ၊ ပုံသဏ္ဌာန်၊ ဒြပ်ထုနှင့် ခွင့်ပြုနိုင်သော ပြောင်းလဲချက်များ

၅၂။ MMS JIS G 3302 : 2019 သွပ်ရည်ပူစိမ်သွပ်အလွှာအုပ် သံမဏိအပြားချပ်နှင့် အပြားလိပ်များ

၅၃။ MMS JIS G 3312 : 2012 သွပ်ရည်ပူစိမ်သွပ်အလွှာအုပ်၍ ကြိုတင်ခံဆေးသုတ်ထားသော သံမဏိအပြားချပ်နှင့် အပြားလိပ်များ

၅၄။ MMS JIS G 3321 : 2019 သွပ်ရည်ပူ (၅၅% ဒန် – သွပ် သတ္တုစပ်)အလွှာအုပ်ထားသော သံမဏိအပြားချပ်နှင့် အပြားလိပ်များ

၅၅။ MMS JIS G 3322 : 2005 သွပ်ရည်ပူ (၅၅% ဒန် –သွပ် သတ္တုစပ်) အလွှာအုပ်၍ ကြိုတင်ခံဆေးသုတ်ထားသော သံမဏိအပြားချပ်နှင့် အပြားလိပ်များ

၅၆။ MMS JIS G 3505:2017 ကာဗွန်နည်း သံမဏိနန်းဆွဲချောင်းရှည်များ

၅၇။ MMS JIS G 3466:2015 အထွေထွေတည်ဆောက်မှုသုံး စတုရန်းနှင့် ထောင့်မှန်စတုဂံပုံ အခေါင်းပေါက်ပါ ကာဗွန်သံမဏိပိုက်များ

၅၈။ MMS 33:2022 မြန်မာအော်ဂဲနစ်စံချိန်စံညွှန်း

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများအား အကြမ်းဖက်အဖွဲ့အစည်းများက နှောင့်ယှက်ဖျက်ဆီးမှုများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ လူဦးရေစာရင်းများ မှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများအား တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ၉-၁-၂၀၂၃ ရက်နေ့မှ စတင်ကောက်ယူလျက်ရှိရာ ၁၃-၁-၂၀၂၃ ရက်နေ့အထိ နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးလိုသည့် အကြမ်းဖက်အဖွဲ့အစည်းများက နှောင့်ယှက်ဖျက်ဆီးမှု (၇) ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ၎င်းတို့မှာ -

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူစဉ်ကာလအတွင်း ထူးခြားဖြစ်စဉ်များ

စဉ်	ရက်စွဲ	နေရာ	ဖြစ်စဉ်အကျဉ်း	ထိခိုက်ဆုံးရှုံးမှု
၁	၉-၁-၂၀၂၃	လောင်းလုံးမြို့နယ်၊ တနသ်ာရီတိုင်းဒေသကြီး	၉-၁-၂၀၂၃ ရက်နေ့ (၁၁၂၀) အချိန်တွင် လောင်းလုံးမြို့နယ်၊ ကမြောကင်းကျေးရွာအုပ်စု၊ ကမြောကင်းအခြေခံပညာ မူလတန်းကျောင်းအနီး မောင်းမကန် ရဲတပ်ဖွဲ့၏ လုံခြုံရေးဖြင့် စာရင်းကောက်ယူနေစဉ်အကြမ်းဖက် (၄) ဦးခန့်မှ Vigo အနက်ရောင်ကားဖြင့်လာရောက်၍ သေနတ်ဖြင့်ပစ်ခတ်ခဲ့ပါသည်။	ဒုရဲအုပ် သိန်းထိုက်(ကျဆုံး)၊ M-22 (၁) လက်၊ ကျည်(၅၀)၊ ကျည်အိမ် (၂) ခု ဆုံးရှုံးခဲ့ပါသည်။
၂	၉-၁-၂၀၂၃	ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး	၉-၁-၂၀၂၃ ရက်နေ့ (၂၀၁၅) အချိန်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း(၂၀) ဦးခန့်မှ ဆားလင်းကြီးမြို့နယ် ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။	(၆၀x၃၀x၂၀) အုတ်ညှပ်၊ သွပ်မိုး၊ မြို့နယ်လဝကရုံး (၁) လုံး၊ ရုံးမှတ်တမ်း စာရွက်စာတမ်းများ၊ ရုံးသုံးပရိဘောဂများနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပါသည်။
၃	၁၁-၁-၂၀၂၃	မိဂလုံကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်	၁၁-၁-၂၀၂၃ ရက်နေ့တွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးအဖွဲ့များမှ လူဦးရေစာရင်းတိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်နေစဉ် KNU/PDF အင်အား (၄၀) ခန့်မှ မော်တော်ယာဉ် သုံးစီးဖြင့် ရောက်ရှိလာပြီး စာရင်းကောက်ယူရေးအဖွဲ့ထံမှ စာရွက်စာတမ်းများနှင့် အိမ်ထောင်စုပုံစံများအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။	e-ID အိမ်ထောင်စုပုံစံ (၅၂၄) စောင်၊ အိမ်ထောင်စုပုံစံ(၆၀) စောင်နှင့် မသန်စွမ်း ပုံစံ (၅၀) စောင် ပျက်စီးဆုံးရှုံးခဲ့ပါသည်။
၄	၁၂-၁-၂၀၂၃	ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး	၁၂-၁-၂၀၂၃ ရက်နေ့ (၀၁၂၀) အချိန်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း (၂၀) ဦးခန့်မှ ရေစကြိုမြို့နယ် ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။	(၆၀x၃၀x၂၀) ပျဉ်ကာ၊ အုတ်ခင်း၊ အုတ်ကြွပ်မိုး၊ တစ်ထပ်ရုံး အဆောက်အဦတစ်လုံးနှင့် ရုံးသုံးစာရွက်စာတမ်းများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးအသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပါသည်။
၅	၁၂-၁-၂၀၂၃	ကုလားကျောက်ဖျာကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်	၁၁-၁-၂၀၂၃ ရက်နေ့ (၁၈၀၀) အချိန်တွင် KNU/PDF ပူးပေါင်းအဖွဲ့ အင်အား (၇) ဦးမှ လက်နက်များကိုင်ဆောင်၍ စာရင်းကောက်မည့် e-ID အိမ်ထောင်စု ပုံစံ (၅၆၂) စောင်၊အိမ်ထောင်စုပုံစံ (၁၀၀)စောင်နှင့် မသန်စွမ်းပုံစံ(၂၀)စောင်တို့အား ယူဆောင်သွားခဲ့ပါသည်။	e-ID အိမ်ထောင်စုပုံစံ (၅၆၂) စောင်၊ အိမ်ထောင်စုပုံစံ(၁၀၀) စောင်နှင့် မသန်စွမ်း ပုံစံ (၂၀) စောင် ပျက်စီးဆုံးရှုံးခဲ့ပါသည်။
၆	၁၂-၁-၂၀၂၃	ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၁၂-၁-၂၀၂၃ ရက်နေ့ (၁၃၅၀) အချိန်တွင် ဆိုင်ကယ်စီးနင်းလာသော အကြမ်းဖက်သမား (၂)ဦးမှ လက်ပစ်ဗုံးဖြင့် လာရောက်ပစ်ပေါက်ခဲ့ရာ ဓမ္မာရုံ ဆင်ဝင်အောက်တွင် ကျရောက်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါသည်။	ထိခိုက်ဆုံးရှုံးမှုမရှိပါ။
၇	၁၃-၁-၂၀၂၃	စျေးဟောင်းရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်	ဟားခါးမြို့၊ စျေးဟောင်းရပ်ကွက်တွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူလျက်ရှိသောအဖွဲ့အား ၁၃-၁-၂၀၂၃ ရက်နေ့၊ (၀၉၅၅) အချိန်ခန့်တွင် အကြမ်းဖက်အဖွဲ့မှ Sniper ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ပါသည်။	ရဲဒုတိယတပ်ကြပ် ဇင်မင်းသူ ထိမှန်ကျဆုံးခဲ့ပါသည်။

ညောင်ရွှေမြို့နယ်၌ မိုးကြိုရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၂၀၇၅၀ ထုတ်ချေးပေးမည်

ညောင်ရွှေ ဧန်နဝါရီ ၁၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၃ ခုနှစ် မိုးကြိုရာသီသီးနှံ စိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေးခြင်းကို ဧန်နဝါရီ ၁၀ ရက် နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ပေးရာတွင် ယခင်စိုက်ပျိုးစရိတ်ချေးငွေများ ပြေကျေစွာ ပေးဆပ်ပြီးသူများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး ဧန်နဝါရီ ၁၀ ရက်က ရွာမကျေးရွာအုပ်စုနှင့် နန်းသဲကျေးရွာအုပ်စုမှ တောင်သူ ၅၅ ဦး၏ စပါးစိုက်ဧက ၁၅၄ ဧကအတွက် ချေးငွေကျပ် ၂၃၁ သိန်းကို ထုတ်ချေးပေးခဲ့သည်။

ယခုနှစ်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၂၆ စုမှ စပါးနှင့်ကြံစိုက်ပျိုးသည့် စိုက်ပျိုးရေး တောင်သူပေါင်း ၅၀၀၀ ကျော်အား စုစုပေါင်း

ချေးငွေ ကျပ်သိန်း ၂၀၇၅၀ ကို သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးပေးရန် စီစဉ်ထားရှိကြောင်း မြို့နယ်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မာလာစိုး၏ ပြောပြချက်အရ သိရသည်။

စိုင်းအယ်ဘဲ

ပုဏ္ဏားကျွန်းမြို့နယ်၌ ကျေးရွာတွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ပုဏ္ဏားကျွန်း ဧန်နဝါရီ ၁၃

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ကွန်းတောင် ကျေးရွာ၌ ဆောင်ရွက်ခဲ့သော ကျေးရွာတွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ တာဝန်ရှိသူများက ဧန်နဝါရီ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင်းလမ်းသည် အရှည် ပေ ၆၆၀ ရှိပြီး အကျယ် ၁၂ ပေ ကျောက်ချောခင်းခြင်းဖြစ်ကာ လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးပုချေနှင့် ဦးစီးအရာရှိ(နည်းပညာ) ဦးအောင်ကျော်ငြိမ်းတို့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းများ ပြီးစီးသဖြင့် ကျေးရွာရှိ အိမ်ခြေ ၅၃၀ ကျော်မှ လူဦးရေ၃၀၀၀ နီးပါးအတွက် အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

အောင်လှဖြူ

◆ကျောဖုံးမှ

အိမ်ကွင်းသရေရလဒ်ကြောင့် ဒုတိယအကျော့ အဝေးကွင်းတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ပွဲအစပိုင်းတွင် ဗီယက်နမ်အသင်းက ဖိကစားနိုင်ခဲ့သည်။ ၂၄ မိနစ်တွင် ဗီယက်နမ်အသင်း ဂိုးစတင်ရရှိခဲ့ပြီး တိုက်စစ်မှူး ငုယင်သီလင်က ခေါင်းတိုက်ပြီး ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ထိုင်းအသင်း ချေပဂိုးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ပြီး ဗီယက်နမ် ဂိုးသမား ကာကွယ်နိုင်သဖြင့် ပထမပိုင်းတွင် ဂိုးမပေးခဲ့ရသော်လည်း ဒုတိယပိုင်းအစတွင် ဂိုးပြန်ပေးခဲ့ရသည်။ ထိုင်းအသင်းအတွက် ချေပဂိုးကို ၄၈ မိနစ်တွင် ပိုရာမတ်က သွင်းယူခဲ့သည်။ ဗီယက်နမ်အသင်း၏ ယခုပြိုင်ပွဲတွင် ခြောက်ပွဲဆက်တိုက် ပေးဂိုးမရှိမှတ်တမ်းမှာ ခုနစ်ပွဲမြောက်တွင် ကျိုးပျက်ခဲ့ပြီး ပထမဆုံး ဂိုးပေးခဲ့ရသည်။

ချေပဂိုးရပြီးနောက် ထိုင်းအသင်း ကစားပုံပိုကောင်းလာပြီး ၆၃ မိနစ်တွင် ယိုရန်က ဗီယက်နမ်ခံစစ်အမှားကို အခွင့်ကောင်းယူကာ ဒုတိယဂိုးသွင်းယူခဲ့သည်။ ခံစစ်အားနည်းမှုကြောင့် ဗီယက်နမ်အသင်း ဂိုးများပေးလိုက်ရပြီး နောက်မှလိုက်ကစားခဲ့ရာ ချေပဂိုးကို ၈၇ မိနစ်တွင် ဗန်ထရန်ဗူက အဝေးကန်ချက်ဖြင့် ရယူခဲ့သည်။

ဗိုလ်လုပွဲ ဒုတိယအကျော့ကို ဧန်နဝါရီ ၁၆ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-FAT

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဧန်နဝါရီ ၁၃ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ၇၊ပေခန့် ရှိနိုင်သည်။

မိုး/ဧလ

တရားမဝင်ငွေလွှဲလုပ်ငန်းများ လျှောနည်းစေရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေးသင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၃

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေး သင်တန်းအမှတ်စဉ် (၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၌ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အမှာစကားပြောကြား

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းတက်ရောက်သူ ၈၆ ဦးအနက် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို ဥက္ကဋ္ဌကလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို အမြဲတမ်းအတွင်းဝန်ကလည်းကောင်း ပေးအပ်သည်။ ယင်းနောက် သင်တန်းသားနှင့် သင်တန်းသူများ ကိုယ်စား ဆုရရှိသည့် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

အဆိုပါသင်တန်းသည် ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ငွေရေးကြေးရေး လွှဲပြောင်းပေးချေခြင်းဆိုင်ရာ ကိစ္စရပ်များတွင် AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို သိရှိရှောင်ရှားကြစေရန်နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်စေရန်အတွက် လည်းကောင်း၊ ပြည်ပငွေလွှဲလုပ်ငန်းကို ဆောင်ရွက်လိုသည့်ကုမ္ပဏီများအနေဖြင့် လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့် သင်တန်းတက်ရောက်ပြီးစီးကြောင်း အထောက်အထား လက်မှတ်ရရှိရေးအတွက် လည်းကောင်း၊ ပြည်ပငွေလွှဲလုပ်ငန်းလုပ်ကိုင်ရာတွင် မဖြစ်မနေ သိရှိရမည့် ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို သိရှိနားလည်စေရန်အတွက်လည်းကောင်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဘဏ္ဍာနှစ်အလိုက် လျာထားသည့် အခွန်ရငွေများ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၃

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ အခွန်ထမ်းကြီးများ ဆိုင်ရာအခွန်ရုံးတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကောက်ခံရမည့် အခွန်လျာထားချက်များ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရေး၊ ရုံးဌာနအဆောက်အဦများ လုံခြုံမှုရှိရေးနှင့် ဝန်ထမ်းများစည်းလုံးညီညွတ်မှုရှိရေး၊ အခွန်ထမ်းပြည်သူများ အပေါ် ကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရေး စသည့်ကိစ္စရပ်များကို မှာကြားပြီး ကြီးကြပ်သူ အရာထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍ အလိုက် ဂရုပြုကြပ်မတ်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် ထူးခြားမှုများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် မှာကြားသည်။

ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတော်မှ ကောက်ခံရရှိသော အခွန်အကောက်ရငွေ စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်ကို နှစ်စဉ် ကောက်ခံပေးနေသည့် ဌာနတစ်ခုဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် လုံလောက်သည့် ဘဏ္ဍာငွေများ တိုးမြင့်ရရှိနိုင်ရန် ဘဏ္ဍာနှစ်အလိုက် လျာထားသည့် အခွန်ရငွေများ ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ငွေကြေးသက်သေခံလက်မှတ်လုပ်ငန်းများ ကြီးကြပ်ရေး ကော်မရှင်ရုံးနှင့် ရန်ကုန် စတော့အိတ်ချိန်းရုံးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်ပညာရေးတက္ကသိုလ်၌ မြေငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မြေငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်ပညာရေး တက္ကသိုလ်ရှိ Learning Hub ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်ပညာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးက မြေငလျင်ဘေးအန္တရာယ်သဏ္ဌာန် တူဇာတ်တိုက်လေ့ကျင့်ခန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြေငလျင်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ အဖွဲ့ဝင်များက လုပ်ငန်းအဖွဲ့ ရှစ်ဖွဲ့အလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ကြပြီး မြေငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းကို ပြုလုပ်ဆောင်ရွက်ကြသည်။**(ဝဲပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးက မြေငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းကို ပြန်လည်သုံးသပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဇန်နဝါရီ ၁၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၅၀၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၄၇၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၁၀၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၇၀၀ ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှု ပြန်လည်များပြားလာ

တိုကျို ဧန်နဝါရီ ၁၃

ဂျပန်နိုင်ငံ၌ အင်နန်အိတ်ချ်ကေမှ စုဆောင်းထားသည့် အချက်အလက်များအရ ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁۹ ကူးစက်မှု ပြန်လည်များပြားလာသည်ဟု သိရသည်။ ဧန်နဝါရီ ၁၂ ရက် မတိုင်မီ တစ်ပတ်အတွင်း ကိုဗစ်-၁۹ ကူးစက်မှုများမှာ ပြီးခဲ့သည့် သီတင်းပတ်ကနှင့် နှိုင်းယှဉ်လျှင် ၄၆ ရာခိုင်နှုန်း တိုးလာသည်ဟု သိရသည်။

ဧန်နဝါရီ ၁၂ ရက်တွင် နေ့စဉ်ကူးစက်မှုမှာ ၁၇၆၀၀၀ ဝန်းကျင်တွင်ရှိသည်။ ခရိုင်များအားလုံးနီးပါးတွင် ကူးစက်မှု အရေအတွက် များပြားလာခြင်းဖြစ်သည်။ မီယာဇာကီခရိုင်၌ ကူးစက်မှုစံချိန်တင် များပြားပြီး နေ့စဉ်ကူးစက်မှုမှာ ၂၉၂၅ ဦး ရှိသည်။

တိုကျိုတွင်မူ ဒီဇင်ဘာနောက်ဆုံးအပတ်နှင့် နှိုင်းယှဉ်လျှင် နေ့စဉ်ကူးစက်မှုမှာ ၄ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ဧန်နဝါရီ ၁၃ ရက်တွင် နိုင်ငံတစ်ဝန်း ကူးစက်မှုပေါင်း ၁၄၄၀၇၇ ဦး တွေ့ရှိခဲ့ပြီး ကိုဗစ်-၁۹နှင့် ဆက်စပ်ကာ သေဆုံးသူ ၄၈၀ ရှိသည်ဟု သိရသည်။ အပျော့စား ရောဂါလက္ခဏာများနှင့် ရောဂါလက္ခဏာ မပြသူများသည် ကျန်းမာရေးအာဏာပိုင်များထံ လာရောက်သတင်းပို့ခြင်း မရှိသည့်အတွက် အမှန်တကယ် ကူးစက်ခံရသူ ဦးရေမှာ ယခုအရေအတွက်ထက်ပို၍ များပြားနိုင်ကြောင်း တိုဟိုတက္ကသိုလ်မှ ပါမောက္ခ တာတဲဒါကာဇူဟီရိုက ပြောသည်။

အမှန်တကယ် ကူးစက်ခံရသူ ဦးရေမှာ လက်ရှိအရေအတွက်ထက် နှစ်ဆဖြစ်နိုင်ကြောင်း ၎င်းက ပြောသည်။ ကိုဗစ်-၁۹ ကြောင့် သေဆုံးသူဦးရေမှာ ဧန်နဝါရီ ၁၂ ရက်က ၄၈၉ ဦးရှိသည့်အတွက် ဒီဇင်ဘာနောင်းပိုင်းမှစတင်ကာ အရေအတွက် များပြားနေဆဲဖြစ်သည်။ ကိုဗစ်-၁۹ ရှစ်ကြိမ်မြောက်လှိုင်းနှင့် ကြုံတွေ့နေရချိန် လူသေဆုံးမှုများနေသည်ကို သုံးသပ်ရန်လိုအပ်သည်ဟု ၎င်းက ပြောသည်။ **အင်နန်အိတ်ချ်ကေ**

တိုကျိုရှီဘူယရပ်ကွက်၌ သွားလာနေကြသူများကို ပြီးခဲ့သည့်နှစ် မတ်လအတွင်းက တွေ့ရစဉ်။

အာကာသထဲသို့ ဂြိုဟ်တုသစ်သုံးစင်းကို တရုတ်လွှတ်တင်

ကျူကွမ် ဧန်နဝါရီ ၁၃

တရုတ်နိုင်ငံသည် အာကာသထဲတွင် ဂြိုဟ်တု သုံးစင်းကိုထားရှိရန်အတွက် ဧန်နဝါရီ ၁၃ ရက်က လောင်းမတ်ချ်-2D ဒုံးပျံဖြင့် သယ်ဆောင် လွှတ်တင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဒုံးပျံသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျူကွမ်ဂြိုဟ်တု လွှတ်တင်ရေးစင်တာမှ ပေကျင်းစံတော်ချိန် ညနေ ၃ နာရီတွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး Yaogan-37 ၊ Shiyan-22A နှင့် Shiyan-22B ဂြိုဟ်တုများကို သတ်မှတ်ထားသည့် ပတ်လမ်းအတွင်း ပို့ဆောင်ခဲ့သည်။

ပတ်ဝန်းကျင် စောင့်ကြည့်ခြင်းကဲ့သို့သော နည်းပညာသစ်များကို ပတ်လမ်းအတွင်း စိစစ်ခြင်းအတွက် အဆိုပါ ဂြိုဟ်တု သုံးစင်းကို အဓိကအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းမှာ လောင်းမတ်ချ်စီးရီး ဒုံးပျံများ လွှတ်တင်မှု၏ (၄၆၁) ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

ကျူကွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ လွှတ်တင်သည့် လောင်းမတ်ချ်-2D ဒုံးပျံကို တွေ့ရစဉ်။

၂၀၂၂ ခုနှစ်သည် ငါးကြိမ်မြောက် အပူဆုံးနှစ်ဖြစ်သည်ဟု နာဆာပြော

ဝါရှင်တန်ဒီစီ ဧန်နဝါရီ ၁၃

၁၈၈၀ ပြည့်နှစ်မှစတင်၍ လေ့လာမှုများအရ ၂၀၂၂ ခုနှစ်သည် ငါးကြိမ်မြောက် အပူဆုံးနှစ်ဖြစ်သည်ဟု အမေရိကန်အာကာသအေဂျင်စီ နာဆာက ပြောသည်။ ပြီးခဲ့သည့်နှစ်က ကမ္ဘာ့မျက်နှာပြင် ပျမ်းမျှအပူချိန်မှာ စက်မှုခေတ် အကြိုကာလကအပူချိန်ထက် ၁ ဒသမ ၁ ဒီဂရီဆဲလ်စီးရပ်ရှိသည်ဟု နာဆာသိပ္ပံပညာရှင်များက ဧန်နဝါရီ ၁၂ ရက်တွင် အစီရင်ခံစာတင်ပြခဲ့သည်။ ယင်းအပူချိန်မှာ ရှစ်နှစ်လျှင် ၁ ဒီဂရီ သတ်မှတ်ချက်ကို ချိုးဖျက်လိုက်ခြင်းပင်ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှု စံချိန်တင်များပြားသည့်နှစ်အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ကြသည်။ အပူချိန်မြင့်တက်မှုကြောင့် ဆိုးရွားသည့်ရာသီဥတု မကြာခဏ ဖြစ်ပေါ်သည်ဟု နာဆာက ပြောသည်။

လွန်ခဲ့သည့်နှစ်က ပါကစ္စတန်တွင် မိုးဦးကာလ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် အမေရိကန်တွင်ပြင်းထန်သည့် မိုးခေါင်မှုတို့ကို ဥပမာပေးကာ ရာသီဥတုဆိုးရွားမှုကို ပြသခဲ့သည်။

လာနီညာပြီးဆုံးသွားသည့်အခါ ၂၀၂၃ ခုနှစ်သည် ၂၀၂၂ခုနှစ်ထက် ပို၍ပူပြင်းနိုင်သည်ဟု နာဆာ၏ ဂျေဒက်အာကာသအင်စတီကျူမှ ညွှန်ကြားရေးမှူး ဂါဗင်ရှမစ်က ပြောသည်။

အင်နန်အိတ်ချ်ကေ

ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန် ရေကြီးမှုကြောင့် ၁၇ ဦးသေဆုံး

မနီလာ ဧန်နဝါရီ ၁၃

ဖိလစ်ပိုင်နိုင်ငံ၌ ဧန်နဝါရီ ၁ ရက်မှစကာ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်သဖြင့် ၁၇ ဦး သေဆုံးကာ လူပေါင်း ငါးသိန်းကျော် ထိခိုက်ခံစားခဲ့ရကြောင်း အစိုးရဘေးအန္တရာယ်အေဂျင်စီက ဧန်နဝါရီ ၁၃ ရက်တွင် ပြောကြားသည်။

မိုးရွာသွန်းမှုဖြစ်ပွား

အရှေ့မြောက် မုတ်သုံလေ လေဖိအားနည်းရပ်ဝန်း ကျရောက်ပြီးနောက် မိုးရွာသွန်းမှုဖြစ်ပွားသဖြင့် ဒေသငါးခုတွင် ၁၇ ဦး သေဆုံးကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ပျောက်ဆုံးနေသူ နှစ်ဦးထက် မနည်းကို တာဝန်ရှိသူများက ရှာဖွေနေကြောင်း သိရသည်။ လေဖိအားနည်း ရပ်ဝန်းမှာ အဓိကအားဖြင့် နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းတို့ရှိ ဒေသ ၁၃ ခု၌ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဘေးအန္တရာယ်ကြောင့် ကယ်ဆယ်ရေးစခန်း ၁၂၀ကျော်တွင် ယာယီရွှေ့ပြောင်းနေထိုင်သူ ၇၀၀၀၀ ကျော်ကို နေရာချထားပေး ခဲ့ကြောင်း အေဂျင်စီက ပြောကြားသည်။

ဆင်ဟွာ

ဖိလစ်ပိုင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနေသည်ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံ မဟာရက်ရှ်ထရာ၌ ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုအတွင်း ၁၀ ဦးသေဆုံး

နယူးဒေလီ ဧန်နဝါရီ ၁၃

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရက်ရှ်ထရာပြည်နယ်၌ ဧန်နဝါရီ ၁၃ ရက်က အရှိန်ပြင်းမောင်းနှင်သည့် ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ယာဉ် တစ်စီးတိုက်မိရာ ၁၀ ဦးထက် မနည်းသေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

မဟာရက်ရှ်ထရာ၏ မြို့တော်မွမ်ဘိုင်း၏ အရှေ့မြောက်ပိုင်း ၁၈၀ ကီလိုမီတာ အကွာခန့်ရှိ နာရှစ်ခရိုင် ဆင်နာဒေသတွင် ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးကြောင်း သိရသည်။ သေဆုံးသွားသူများထဲတွင် အမျိုးသမီး ခုနစ်ဦးနှင့် ကလေးနှစ်ဦးပါဝင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ နှစ်စဉ် အိန္ဒိယနိုင်ငံ၌ ယာဉ်မတော်တဆမှု သန်းတစ်ဝက်နီးပါး ဖြစ်ပွားသဖြင့် လူပေါင်း ၁၅၀၀၀၀ ဝန်းကျင်သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆင်ဟွာ

ကျောက်ကြီးမြို့နယ် ကျောက်ကြီး-ပဲခွယ်ကုန်းသွား ကားလမ်းပေါ်ရှိ သံဘောင်ဘေလီတံတား တစ်စင်းအား PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb တစ်လုံး အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံး၊ လေးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ကြီး – ပဲခွယ်ကုန်းသွား ကားလမ်းပေါ်ရှိ သံဘောင်ဘေလီတံတား တစ်စင်းအား PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၅ နာရီခန့်တွင် ကျောက်ကြီးမြို့နယ် ကျောက်ကြီး-ပဲခွယ်ကုန်းသွား ကားလမ်း နတ်သံကွင်းကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၂၀၀ ခန့် အကွာရှိ သံဘောင်ဘေလီတံတား တစ်စင်းအား PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb တစ်လုံး ပစ်ချတိုက်ခိုက်ခဲ့ရာ တံတား၏ အရှေ့မြောက်ဘက် ပေ ၂၀ ခန့်အကွာတွင် ကျရောက်ပေါက်ကွဲခဲ့သဖြင့် တောင်ယာမှ ပြန်လာကြသည့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးခဲ့ပြီး လေးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကာ နတ်သံကွင်းတိုက်နယ် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းကဲ့သို့ အပြစ်မဲ့ပြည်သူများအား သေဆုံးဒဏ်ရာရရှိအောင် Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်ရှိ Grand Royal အရက်ချက်စက်ရုံမီးလောင် မီးငြိမ်းသတ်မှုဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် လိပ္ပတ်ကျေးရွာအုပ်စု လိပ္ပတ်ကျေးရွာ အမှတ် (၄) လမ်းမဘေးရှိ Grand Royal အရက်ချက်စက်ရုံတွင် မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်မှုအား Level အဆင့် (၃) သတ်မှတ်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် ယာဉ်အုပ်စုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ Level 3 ယာဉ်အုပ်စု စုစုပေါင်း မီးသတ်ယာဉ် အစီး ၆၀၊ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၄၅၀၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တို့ဖြင့် မီးလောင်သည့် အရက်ချက်စက်ရုံသို့ရောက်ရှိ မီးငြိမ်းသတ်လျက်ရှိသည်။(ဝဲပုံ)

မီးလောင်မှုကြောင့် စက်ရုံရှိ RF 96% အရက်ဆီဂါလန် ၅၀၀၀၀ ဆံ့ Tank သုံးလုံး၊ RF 50% အရက်ဆီလီတာ ၂၀၀၀၀ဆံ့ Tank ခြောက်လုံးနှင့် ဂိုဒေါင် သုံးလုံးတို့ မီးလောင်လျက်ရှိပြီး မီးလောင်မှုအား မီးသတ်တပ်ဖွဲ့ဝင်များက စွမ်းစွမ်းတမံ မီးငြိမ်းသတ် ဆောင်ရွက်လျက်ရှိစဉ် ညနေ ၅ နာရီခွဲတွင် အဆိုပါစက်ရုံအတွင်းမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် မီးငြိမ်းသတ်နေသည့် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးတွင် ဒဏ်ရာအချို့ရရှိခဲ့သောကြောင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

စက်ရုံ မီးလောင်ရသည့် အကြောင်းအရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးအား စိစစ်တွက်ချက်လျက်ရှိကာ မီးလောင်မှုအား အမြန်ဆုံးငြိမ်းသတ် နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက ဆက်လက်ကြိုးပမ်း ငြိမ်းသတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း၌ ယာဉ်တိုက်မှုနှင့် တိမ်းမှောက်မီးလောင်မှုများဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၁၃

နေပြည်တော် ဇေယျာသီရိမြို့နယ် မယင်းကြီးကျေးရွာအနီး ရန်ကုန်–မန္တလေး ကားလမ်းမဟောင်း မိုင်တိုင်အမှတ် ၂၃၇/ ၄ နှင့် ၂၃၇/၅ ကြားခု၌ ဆီဘောက်ဆာယာဉ် တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ပွားရာ အခြားဆီဘောက်ဆာ တစ်စီးနှင့် ခရီးသည်တင် ယာဉ်တစ်စီး မီးလောင်ပျက်စီးမှု ယနေ့ညနေ ၅ နာရီ မိနစ် ၅၀ခန့်က ဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုမှာ (ရန်ကုန်ဘက်မှ မန္တလေးဘက်သို့) ယာဉ်မောင်းစိစစ်ဆဲ ယာဉ်အမှတ် MDY 2R/--- ဆီဘောက်ဆာယာဉ်သည် ဇေယျာသီရိမြို့နယ် မယင်းကြီးကျေးရွာအနီး မိုင်တိုင် ၂၃၄/၄ အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ ရာ မျက်နှာချင်းဆိုင်မှ (မန္တလေးဘက်မှ ရန်ကုန်ဘက်သို့) ယာဉ်မောင်း စိစစ်ဆဲမောင်းနှင်လာသည့် ဆီဘောက်ဆာ ယာဉ်အမှတ် MDY-3M/----က တိမ်းရှောင်ရာမှ လမ်းဘေးသစ်ပင်အား တိုက်မိပြီးနောက် ရပ်တန့်သွားကာယာဉ်၏ ဦးခေါင်းပိုင်းကြေမွ ပျက်စီးသွားခဲ့သည်။ ၎င်းနောက်မှ လိုက်ပါလာသည့်(မန္တလေးဘက်မှ ရန်ကုန်ဘက်သို့) ယာဉ်မောင်း ရဲမြတ်သူမောင်းနှင်သည့် ခရီးသည် ၄၁ ဦးပါ နန်းထိုက်စံ ခရီးသည်တင်ယာဉ်အမှတ် 3N/---အား အဆိုပါ(ရန်ကုန်မှမန္တလေးဘက်သို့) မောင်းနှင်လာသည့် တိမ်းမှောက်ဆီဘောက်ဆာယာဉ်က ဆက်လက်၍ တိုက်မိမှုဖြစ်ပွားရာ နန်းထိုက်စံခရီးသည်တင်ယာဉ်နှင့် တိမ်းမှောက်ဆီဘောက်ဆာယာဉ်တို့ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ နေပြည်တော်တိုင်းမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်၊ ဇေယျာသီရိခရိုင် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ဝင်းထူး၊ ဇေယျာသီရိခရိုင်ဒုတိယရဲမှူးကြီး မောင်မောင်ဦး၊ ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းကျော်၊ ရွှေတွင်းကုန်းမြို့မ ရဲစခန်း ဒုတိယ ရဲမှူးကျော်ဇင်၊ ဥတ္တရသီရိခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဆန်း၊ ဇေယျာသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမင်းသူတို့၏ ဦးဆောင်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် မီးသတ်တပ်ဖွဲ့၊ ပျဉ်းမနားမြို့နယ် မီးသတ်တပ်ဖွဲ့၊ တပ်ကုန်းမြို့နယ် မီးသတ်တပ်ဖွဲ့များက မီးငြိမ်းသတ်ယာဉ် ၁၁ စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ **(အပေါ်ပုံ)** ညနေ ၆ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ ဖြစ်စဉ်တွင် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် ဆီဘောက်ဆာ ယာဉ် ယာဉ်မောင်း တစ်ဦးသာ ဒဏ်ရာရရှိခဲ့ပြီး နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကာ ခရီးသည်တင်ယာဉ် ပေါ်ပါ ခရီးသည် ၄၁ ဦးနှင့် တိမ်းမှောက်ခဲ့သည့် ဆီဘောက်ဆာယာဉ် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မီးလောင်ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၃၀၀၀ ခန့် ဖြစ်ကြောင်း သိရပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ နေပြည်တော် ရွှေတွင်းကုန်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

ဇော်ဘီ

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်းရှိ

(၁၃-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၇၁,၄၆၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၄၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၁၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁-၂၀၂၃ — ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၃၅	၂၁၈၅	၂၁၈၀	၂၁၄၅	၂၁၈၅	၂၂၀၅	၂၁၉၀	၂၁၇၀	၂၂၇၀	၂၂၈၅	၂၁၇၅	၂၁၈၅	၂၂၂၀	၂၂၂၀	၂၂၂၅	၂၄၅၅	၂၇၇၅
95 Ron	၂၁၉၅	၂၂၄၅	၂၂၄၅	၂၂၀၅	၂၂၄၅	၂၂၇၀	၂၂၅၅	၂၂၃၀	၂၃၃၀	၂၃၄၅	၂၂၃၅	၂၂၅၅	၂၂၈၀	၂၂၈၅	၂၂၈၅	၂၅၁၅	၂၈၅၅
HSD (500 ppm)	၂၄၁၀	၂၄၆၀	၂၄၅၅	၂၄၂၀	၂၄၅၅	၂၄၈၀	၂၄၇၅	၂၄၄၅	၂၅၆၅	၂၅၅၅	၂၄၅၀	၂၄၆၀	၂၄၉၅	၂၄၉၅	၂၅၀၀	၂၇၃၀	၃၃၇၅
HSD (50 ppm)	၂၄၉၀	၂၅၄၀	၂၅၃၅	၂၅၀၀	၂၅၃၅	၂၅၆၀	၂၅၅၅	၂၅၂၅	၂၆၄၅	၂၆၃၅	၂၅၃၀	၂၅၄၀	၂၅၇၅	၂၅၇၅	၂၅၈၀	၂၈၁၀	၃၄၀၅
HSD (10 ppm)	၂၄၉၀	၂၅၄၀	၂၅၃၅	၂၅၀၀	၂၅၃၅	၂၅၆၀	၂၅၅၅	၂၅၂၅	၂၆၄၅	၂၆၃၅	၂၅၃၀	၂၅၄၀	၂၅၇၅	၂၅၇၅	၂၅၈၀	၂၈၁၀	၃၄၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၂၇	၂၁၀၁
95 Ron	၂၀၈၆	၂၁၆၂
HSD (500 ppm)	၂၂၉၆	၂၃၇၁
HSD (50 ppm)	၂၃၇၀	၂၄၄၇
HSD (10 ppm)	၂၃၇၀	၂၄၄၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) (သို့) ပညာသိုက်

ဒေါက်တာသန့်စင် (ရူပဗေဒ)

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)

စာကြည့်တိုက်ကောင်းဆိုသည်မှာ ကမ္ဘာ့ပညာစုံစုရာ ရတနာသိုက်ဖြစ်ပါသည်။ ဘယ်လို အကြောင်းအရာနှင့် စာပုရပိုက်မျိုးလိုသည်ဖြစ်စေ လွယ်လင့်တကူရနိုင်သည်။

(တိုက်စိုး – ပညာသိုက်စာအုပ် စာ–၂၄)

စာရေးသူသည် စာကြည့်တိုက်ကို ခင်မင်သူ၊ အမြတ်တနိုးသုံးစွဲသူတစ်ဦး ဖြစ်ပါသည်။ ပညာရေးဝန်ထမ်းဘဝ ရောက်ရှိရာနိုင်ငံတိုင်းတွင် စာကြည့်တိုက်များ၊ ပြတိုက်များသို့ သွားရောက်လေ့လာခဲ့သည်။ မြန်မာနိုင်ငံရှိ မြို့နယ်များသို့ တာဝန်အရဖြစ်စေ၊ အလည်အပတ်ဖြစ်စေ ရောက်ရှိပါက သက်ဆိုင်ရာစာကြည့်တိုက်၊ ပြတိုက်များသို့ သွားရောက်လေ့ရှိပါသည်။ ဝန်ထမ်းဘဝ တက္ကသိုလ်အသီးသီးသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရာတွင်လည်း မိမိရောက်ရှိရာ တက္ကသိုလ်ရှိ စာကြည့်တိုက်အတွက် စာအုပ်စာတမ်း စာစောင်များကို လှူဒါန်းပေးခဲ့သည်။

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) သည် အမှတ် ၆၀၄ / ၆၀၈၊ (၃၁) လမ်းနှင့် (၃၂) လမ်းကြား ကုန်သည်လမ်းပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့တွင် တည်ရှိသည်။ အထပ်လေးထပ်ရှိသည့် ကျယ်ဝန်းသည့် အဆောက်အအုံဖြစ်ပါသည်။ စာအုပ်စာတမ်းပေါင်း ကိုးသိန်းကျော်နှင့် ရှေးဟောင်းရှားပါးစာအုပ်စာစောင်၊ ပေပုရပိုက်၊ မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ်၊ ပြန်တမ်း စသည်တို့အပြင် နိုင်ငံတကာထုတ် စာအုပ်စာစောင်များကို သက်ဆိုင်ရာအခန်းများအလိုက် စင်တင်စနစ်၊ စင်ဖွင့်စနစ်များဖြင့် ထားရှိပါသည်။ မည်သူမဆို လာရောက်ဖတ်ရှုနိုင်ရန် တနင်္ဂနွေ၊ တနင်္လာနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ အင်္ဂါနေ့မှ စနေနေ့အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားရှိပါသည်။

အုပ်စုလိုက် နည်းပညာ ဖလှယ်ဆွေးနွေးနိုင်

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) တွင် ရည်ညွှန်းဝန်ဆောင်မှု၊ စာဖတ်ခန်းဝန်ဆောင်မှု၊ စာငှားဝန်ဆောင်မှု၊ Multimedia Room Service၊ Digital Library Room Service မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိတ္တူကူးခြင်း၊ ဒစ်ဂျစ်တယ်ပုံစံပြောင်းခြင်း ဝန်ဆောင်မှုများ၊ Audio Video Room Service၊ မသန်စွမ်းသူများအတွက် စာဖတ်ခန်း ဝန်ဆောင်မှုတို့အပြင် ကလေးစာကြည့်တိုက် စသည်တို့ပါရှိပြီး စာတမ်းဖတ်ပွဲများ ပြုလုပ်နိုင်သည့် အခန်းများ၊ အုပ်စုလိုက် နည်းပညာ ဖလှယ်ဆွေးနွေးနိုင်သည့် အခန်းများ လည်း ပါရှိသည်။

အပတ်စဉ် စနေနေ့များတွင် ကလေးများအတွက် ဗဟုသုတရဖွယ် ခေါင်းစဉ်များ၊ ပုံပြင်များ ပြောပြခြင်း၊ ရုပ်ရှင်ဇာတ်ကားအတိုများနှင့် ဗီဒီယို အခွေများ ဖွင့်ပြခြင်းများ ပြုလုပ်ပေးလေ့ရှိပါသည်။ သက်ဆိုင်ရာကျောင်းများမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာရန် ကြိုတင်စီစဉ်ဆက်သွယ်ပါက လိုအပ်သည်များကို စာကြည့်တိုက်ဝန်ထမ်းများက စိတ်ပါဝင်စားစွာ ရှင်းလင်းပြသပေးသည်။

မိဘများအနေဖြင့် ကလေးငယ်များ အလေ့အကျင့်ရစေရန် စာကြည့်တိုက်သို့ ခေါ်ဆောင်သွားသင့်

စာရေးသူ စိတ်ဝင်စားသည်မှာ လွတ်လပ်ရေးမရမီက ထုတ်ဝေသော စာအုပ်စာစောင်၊ သတင်းစာ၊ ဂျာနယ်များကို ရည်ညွှန်းစာဖတ်ခန်းတွင် ဖတ်ရှုနိုင်ခြင်းဖြစ်သည်။ လိုအပ်ပါက စာကြည့်တိုက်မှ တာဝန်ရှိသူ၏ ခွင့်ပြုချက်ဖြင့် မိတ္တူကူးယူနိုင်သည်။ ကလေးစာကြည့်တိုက်တွင် ကလေးများဖတ်ရှုနိုင်ရန် ရုပ်ပြစာအုပ်များ၊ စီဒီခွေများ၊ ပုံပြင်၊ ဂျာနယ်၊ ကာတွန်းစာအုပ်များ၊ ဗဟုသုတရဖွယ်စာအုပ်များကို အင်္ဂလိပ်-မြန်မာဘာသာများနှင့် မိမိကြိုက်နှစ်သက်ရာ ဖတ်နိုင်သည်။ မိဘများအနေဖြင့် မိမိတို့၏ ကလေးငယ်များကို ငယ်စဉ်ဘဝမှာပင် စာပေပညာဖတ်ရှုသည့် အလေ့အကျင့်များရစေရန် ကျောင်းပိတ်ရက် စနေနေ့များတွင် ခေါ်ဆောင်သွားပြီး ကလေးစာကြည့်တိုက်ကို အသုံးပြုသင့်သည်။

မသန်စွမ်းသူများအတွက် စာဖတ်ခန်းတွင် မသန်စွမ်းသူများ ဖတ်ရှုနိုင်ရန်အတွက် သီးသန့်ထုတ်ဝေထားသော စာအုပ်များ၊ ကြည့်ရှုနားဆင်နိုင်ရန် ဗီဒီယိုခွေများ၊ စီဒီချပ်များနှင့် ကွန်ပျူတာများ ထားရှိပါသည်။ ထို့အပြင် Multimedia Room တွင်လည်း ကွန်ပျူတာများကို အသုံးပြုပြီး အင်တာနက်ဖြင့် ချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ Digital Library ခန်းတွင် e-book စာအုပ်များ၊ ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲပေးထားသော ရှားပါးစာအုပ်များကို ဖတ်ရှုလေ့လာနိုင်ပါသည်။

အမျိုးသား စာကြည့်တိုက် (ရန်ကုန်)ကို ပြုပြင်မွမ်းမံ ဖွင့်လှစ်

မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်သည် နေရာပြောင်းရွှေ့မှု မကြာခဏ ဖြစ်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် မြူနီစီပယ် အဆောက်အအုံ (မြို့တော်ခန်းမ)၊ ၁၉၅၂ ခုနှစ်တွင် ဂျူဗလီဟော (စစ်သမိုင်းပြတိုက်)၊ ၁၉၆၂ ခုနှစ်တွင် အမှတ် (၁၆၆) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့၊ ၁၉၈၄ ခုနှစ်တွင် ခြောက်ထပ်ရုံး ကမ်းနားလမ်း ရန်ကုန်မြို့၊ ၁၉၉၅ ခုနှစ်တွင် တာမွေ မြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်း၊ ၂၀၀၈ – ၂၀၁၉ ခုနှစ်တွင် ရန်ကင်းမြို့နယ် သီရိမင်္ဂလာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း စသည့်နေရာများသို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၃ ခုနှစ်မေလတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ယခုအမျိုးသားစာကြည့်တိုက် (ရန်ကုန်) ကို အဆောက်အအုံ ပြုပြင်မွမ်းမံခြင်းပြုကာ ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

စာကြည့်တိုက်ပညာရှင်ကြီး ဆရာဦးသန်းထွတ် (တိုက်စိုး) ၏ ပညာသိုက် စာအုပ် (စာ ၄၀–၄၁) တွင် “အမျိုးသားစာကြည့်တိုက်သည် နိုင်ငံတစ်နိုင်ငံတွင် အကြီးအချုပ် စာကြည့်တိုက်ဖြစ်လေသည်။ ယေဘုယျအားဖြင့် နိုင်ငံကိုယ်စားပြုသော နိုင်ငံ၏တစ်ခုတည်းသော စာကြည့်တိုက်ဟုဆိုရာသည်။ သို့သော် နိုင်ငံ၏ထူးခြားသော သမိုင်းကြောင်းကိုလိုက်၍ အချို့နိုင်ငံများတွင် တစ်ခုစီ၊ အချို့နိုင်ငံများတွင် နှစ်ခု၊ သုံးခုစီ ရှိတတ်၏။” ဟုလည်းကောင်း၊ အမျိုးသားစာကြည့်တိုက်၏ ထူးခြားသော လက္ခဏာများမှာ (က) ထိုစာကြည့်တိုက်တွင် နိုင်ငံတွင်းထုတ် စာအုပ်စာတမ်းများ အစုံအလင်ဆုံးဖြစ်ခြင်း၊ (ခ) နိုင်ငံလုံးဆိုင်ရာ စာကြည့်တိုက်စနစ်တွင် ဦးစီးဦးဆောင်ဖြစ်ခြင်း၊ (ဂ) ပညာရှာဖွေရေး နှင့်စပ်၍ပြည်သူလူထုတစ်ရပ်လုံး၏ မှီခိုလဲလျောင်းရာ ဖြစ်ခြင်းပေ တည်းဟုလည်းကောင်း ရေးသားထားသည်ကို ဖတ်ရှုရပါသည်။ ယခုအမျိုးသားစာကြည့်တိုက် (ရန်ကုန်) သည် အထက်ပါအချက်များနှင့် ပြည့်စုံသော စာကြည့်တိုက်တစ်ခု ဖြစ်ပါသည်။

စာကြည့်တိုက်အမျိုးအစားအမျိုးမျိုးရှိ

စာကြည့်တိုက်အမျိုးအစားများတွင် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ သုတေသနအဖွဲ့အစည်းစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ မြို့နယ်အလိုက် ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၏ စာကြည့်တိုက်၊ ပုဂ္ဂလိကစာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ ကျေးရွာစာကြည့်တိုက် စသည်ဖြင့် အမျိုးမျိုးရှိပါသည်။

ယခုအခါ စာကြည့်တိုက်ယဉ်ကျေးမှုသည် များစွာပြောင်းလဲသွားသည်။ စာကြည့်တိုက်ကို စာပေဖတ်ရှုရာတစ်ခုတည်းမဟုတ်ဘဲ စာပေဟောပြောပွဲ၊ ပန်းချီပြပွဲ၊ စာတမ်းဖတ်ပွဲ၊ စာအုပ်ပြပွဲ၊ အထိမ်းအမှတ်ပြပွဲများအပြင် စာကြည့်တိုက်များတွင် လာရောက်ကာ နှစ်သက်ရာသီချင်း၊ ဂီတနားထောင်နိုင်ရန် ခန်းမများ၊ အစားအသောက်နှင့် အမှတ်တရပစ္စည်းရောင်းချရာဆိုင်များ စသည်တို့ ပါဝင်လာကာ လူထုဆက်ဆံရေး ပိုမိုကျယ်ပြန့်လာရန် ဆောင်ရွက်ပေးထားသည်။ တချို့နိုင်ငံများတွင် အဆင့်မြင့် စျေးဝယ်စင်တာများ၌ စာကြည့်တိုက်ငယ်များကိုတွဲ၍ ဖွင့်လှစ်လာကြပါသည်။ မိခင်များ စျေးဝယ်နေချိန်တွင် ကလေးများကို စာကြည့်တိုက်တွင် ထားရှိကာ ရုပ်ပြများဖတ်ရှုရန်၊ ရုပ်ရှင်ဇာတ်ကားတိုများ ကြည့်ရှုနိုင်ရန်၊ ကစားနိုင်ရန် ထိုစာကြည့်တိုက်ငယ်များတွင် ထည့်သွင်းထားသည်။ စာကြည့်တိုက်အချင်းချင်း Online စနစ်ဖြင့် ဆက်သွယ်၍ ချိတ်ဆက်ငှားရမ်းနိုင်ရန် ဆောင်ရွက်ထားသည်။

အသိပညာ၊ အတတ်ပညာကို ဦးစားပေးသော ယနေ့အချိန်တွင် မိမိတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရန်နှင့် ကမ္ဘာကြီး၏ ပြောင်းလဲမှုဖြစ်စဉ်များကို အမြဲမပြတ်လေ့လာနိုင်ရန် စာအုပ်စာပေများ၊ သတင်းစာများကို လေ့လာဖတ်ရှုနေရမည်။ ထို့ကြောင့် စာအုပ်စာပေများစုဝေးရာ စာကြည့်တိုက်များကို အသုံးပြုခြင်းဖြင့် မိမိဘဝကို မြှင့်တင်ပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❍ **ယခုအခါ စာကြည့်တိုက်ယဉ်ကျေးမှုသည် များစွာပြောင်းလဲသွားသည်။ စာကြည့်တိုက်ကို စာပေဖတ်ရှုရာတစ်ခုတည်းမဟုတ်ဘဲ စာပေဟောပြောပွဲ၊ ပန်းချီပြပွဲ၊ စာတမ်းဖတ်ပွဲ၊ စာအုပ်ပြပွဲ၊ အထိမ်းအမှတ်ပြပွဲများအပြင် စာကြည့်တိုက်များတွင် လာရောက်ကာ နှစ်သက်ရာသီချင်း၊ ဂီတနားထောင်နိုင်ရန် ခန်းမများ၊ အစားအသောက်နှင့် အမှတ်တရပစ္စည်းရောင်းချရာဆိုင်များ စသည်တို့ ပါဝင်လာကာ လူထုဆက်ဆံရေး ပိုမိုကျယ်ပြန့်လာရန် ဆောင်ရွက်ပေးထားသည်**

❍ **အသိပညာ၊ အတတ်ပညာကို ဦးစားပေးသော ယနေ့အချိန်တွင် မိမိတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရန်နှင့် ကမ္ဘာကြီး၏ ပြောင်းလဲမှုဖြစ်စဉ်များကို အမြဲမပြတ်လေ့လာနိုင်ရန် စာအုပ်စာပေများ၊ သတင်းစာများကို လေ့လာဖတ်ရှုနေရမည်။ ထို့ကြောင့် စာအုပ်စာပေများစုဝေးရာ စာကြည့်တိုက်များကို အသုံးပြုခြင်းဖြင့် မိမိဘဝကို မြှင့်တင်**

ထိုင်း – မြန်မာ ကျန်းမာရေးနှင့် အလှအပဆိုင်ရာဆွေးနွေးပွဲ ၂၀၂၃ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ထိုင်းနိုင်ငံ၏ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ လုပ်ငန်းများနှင့် စီးပွားမိတ်ဖက် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခွင့်ရသည့် Thai – Myanmar Business Matching Health and Beauty 2023 ပြပွဲကို ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ပြပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ Minister Counsellor, Assoc. Prof. Thanawut Naigowit ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိက ဆေးရုံများအသင်း ဥက္ကဋ္ဌ ဒေါက်တာထင်ပေါ် ၊ မြန်မာနိုင်ငံ အလှကုန် အသင်း ဥက္ကဋ္ဌ ဒေါက်တာစုလှဟန်တို့ တက်ရောက် အမှာစကားပြောကြားကာ ပြပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ပြပွဲကို ထိုင်း–မြန်မာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်၊ ကုန်သွယ်မှုနှင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာစေရန်၊ အရေးပါသော ချိတ်ဆက်မှုများ ရရှိစေရန်နှင့် အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်း တိုးတက်လာစေရန်အတွက် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ပြီး ထိုင်းနိုင်ငံရှိ အရည်အသွေးပြည့်ဝ စံချိန်မီသော ကျန်းမာရေးစစ်ဆေးမှုနှင့် ဆေးဝါးကုသမှု ပရိဂရမ်များ၊ အလှအပဆိုင်ရာထုတ်ကုန်များကို ရှာဖွေနေသူများအတွက် အထူးသင့်လျော်သော ပြပွဲဖြစ်သည်။

ပြပွဲတွင် အတွေ့အကြုံ ၁၀ နှစ်ကျော်ရှိသော အသားအရေထိန်းသိမ်းအလှကုန်နှင့် ဖြည့်စွက်စာများ ထုတ်လုပ်ရန်အတွက် ပြီးပြည့်စုံသော စက်ရုံများ၊ ခေတ်မီထုတ်လုပ်ရေး လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ သွင်းကုန် ထုတ်ကုန် လုပ်ငန်းရှင်များ၊ ဖြန့်ဝေသူများ၊ လက်ကားလုပ်ငန်းရှင်ကြီးများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် တိုက်ရိုက်တွေ့ဆုံခွင့်ရသဖြင့် ထိုင်း–မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ချိတ်ဆက်ဖလှယ်ခဲ့ကြကာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဆောင်ရွက်မှုများကို ရရှိစေနိုင်မည် ဖြစ်သည်။

အဆိုပါပြပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်လျက်ရှိပြီး ထိုင်းနိုင်ငံ စီးပွားရေးဝန်ကြီးဌာနအောက်ရှိ

ဌာန(DITP)က ပါဝင်ကူညီပံ့ပိုးထားကာ ပြပွဲတွင် ထိုင်းနိုင်ငံရှိ ထိပ်တန်းဆေးရုံကြီးများတွင် ဆေးကုသမှုခံယူလိုသူများကိုလည်း အခမဲ့ဆွေးနွေးပေးသည့်အပြင် အလှကုန်လုပ်ငန်းကို စိတ်ဝင်စားသူများ၊ မိမိအမှတ်တံဆိပ်နာမည်ဖြင့် စတင်ဖြန့်ချိလိုသူများ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဝန်ကြီး အနေဖြင့်လည်း ထိုင်းနိုင်ငံမှ နာမည်ကြီး Own-Equipment Manufacturing နှင့် Own – brand manufacturing စက်ရုံများနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးနိုင်သည့် ပြခန်းပေါင်း ၂၆ ခုကိုလည်း ပြသခဲ့ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ သိရသည်။

ကိုရိုး

ဘရာဇီးနိုင်ငံ၌ကျင်းပမည့် (၂၃) ကြိမ်မြောက် လယ်ယာစီးပွားရေးဆိုင်ရာပြပွဲသို့ ပါဝင်တက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

ဘရာဇီးနိုင်ငံ Nao–Me–Toque မြို့၌ မတ်လ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်မည့် (၂၃) ကြိမ်မြောက် လယ်ယာစီးပွားရေးဆိုင်ရာ ပြပွဲ(The 23rd Edition of the Expodireto Cotrijal International Agribusiness Fair)တွင် မြန်မာနိုင်ငံမှ စိတ်ဝင်စားသည့် ကုမ္ပဏီများ ပါဝင်တက်ရောက်နိုင်ကြောင်း ကုန်သည်/စက်မှုအသင်းချုပ်မှ သိရသည်။

အဆိုပါပြပွဲတွင် ဧရိယာ ၉၈ ဟက်တာ အကျယ်အဝန်း၌ ပြခန်းပေါင်း ၅၀၀ ကျော်ဖြင့် နိုင်ငံပေါင်း ၇၀ ကျော်မှ ကိုယ်စားပြုတင်သွင်းသူများ၏ ပြခန်းများကို လာရောက်ကြည့်ရှုနိုင်မည်ဖြစ်ပြီး ပြပွဲတွင် ပြသသူများနှင့် ကြုတင်စီစဉ်ထားသော အစည်းအဝေးများ သို့မဟုတ် နိုင်ငံတကာ ပြခန်းဆောင်များကို ကိုယ်တိုင်အသုံးပြု၍ စီးပွားရေးဆိုင်ရာ ပိုင်းဖွဲ့ ဆွေးနွေးမှုများ ပါဝင်နိုင်မည်ဖြစ်ကြောင်း၊ ပြပွဲတွင် စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် စိုက်ပျိုးရေးဆိုင်ရာ အကောင်အထည်ဖော်မှုများ၊ အစေ့အဆန်များ (ပဲပိစပ်၊ ပြောင်း၊ ဂျုံ၊ ဘာလီ၊ မုန်ညင်းစေ့၊ ဆန်)၊ အသား (ကြက်၊ နွား၊ ဝက်) နှင့် နို့ထွက်ပစ္စည်းထုတ်ကုန်များ ကဲ့သို့သော ဘရာဇီးနိုင်ငံ၏ လယ်ယာစီးပွားရေးလုပ်ငန်းအမျိုးမျိုးမှ ထုတ်လုပ်သူများက ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို စိတ်ပါဝင်စား၍ ပါဝင်တက်ရောက်လိုသည့် ကုန်သည်/စက်မှုအသင်းချုပ်အောက်ရှိ ညီနောင်အသင်းများနှင့် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ပြပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို https://linktr.ee/mmconnection တွင် ဝင်ရောက်လေ့လာနိုင်မည်ဖြစ်ပြီး အီးမေးလ် expodiretointerna–cional@gmail.com နှင့် Ph: +55 (51) 98617.8535 သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းမေးမြန်း၍လည်း အမည်စာရင်းပေးသွင်းနိုင်သည်။

ပါဝင်တက်ရောက်မည်ဆိုပါက တက်ရောက်မည့်သူ၏ အမည်၊ ရာထူး၊ ကုမ္ပဏီ/ လုပ်ငန်း/အသင်းအဖွဲ့ အမည်၊ ဆက်သွယ်ရန် အီးမေးလ်နှင့် ဖုန်းနံပါတ်တို့ကို ကုန်သည်/စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာန၊ ပြပွဲဌာနစိတ်၊ Email: itpc.umfcci@gmail.com နှင့် ဖုန်း၀၁–၂၃၁ ၄၃၄ (လိုင်းခွဲ: ၃၀၁)သို့ မိတ္တူပူးတွဲ၍ ပေးပို့ပေးနိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။

ကိုရိုး

တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဈေးကွက်အတွင်း ငရုတ်၊ ကြက်သွန်ဖြူနှင့် အာလူးများ ဈေးတက်လာပြီး စားအုန်းဆီမှာလည်း ဈေးနှုန်းအတက်ကြမ်းပြီးမှ ပြန်ကျလာသည်။

ဆန်

ဆန်သစ်များ ဈေးတက်လာသည်။ ဇန်နဝါရီ ၁၀ ရက်က သုခဆန်ကြမ်းအသစ်တစ်အိတ် ကျပ် ၄၄၀၀၀– ၄၅၀၀၀၊ ရက် ၉၀ ဆန်ကြမ်းအသစ် တစ်အိတ် ကျပ် ၄၉၀၀၀၊ ပေါ်ကျွဲအသစ်တစ်အိတ် ကျပ် ၅ဒ၀၀၀ နှုန်းရှိသည်။ ပေါ်ဆန်းဆန်အသစ် တစ်အိတ်ဈေးနှုန်းမှာ ရွှေဘို ကျပ် ၆၅၀၀၀–၇၂၀၀၀၊ ပုသိမ်/မြောင်းမြ ကျပ်၆၅၀၀၀–၆၇၀၀၀၊ ဖျာပုံ ကျပ် ၆၃၀၀၀–၆၅၀၀၀ နှုန်း ရှိသည်။ ပေါ်ဆန်းဆန်ဟောင်း တစ်အိတ်ဈေးနှုန်းမှာ ရွှေဘို ကျပ် ၉၃၀၀၀–၉၉၀၀၀၊ ပုသိမ်/ မြောင်းမြ ကျပ် ၇၀၀၀၀–၇၂၀၀၀၊ ဖျာပုံ ကျပ် ၆၅၀၀၀–၇၀၀၀၀ နှုန်းရှိသည်။

စားအုန်းဆီ

ဇန်နဝါရီ ၉ ရက်မှ ၁၅ ရက်အထိ အခြေခံလက်ကား ရည်ညွှန်းဈေး စားအုန်းဆီတစ်ပိဿာ ကျပ် ၄၅၃၀ ဖြစ်ရာ ယခင်အပတ်ထက် တစ်ပိဿာ ကျပ် ၇၀ ဈေးတက်လာသည်။ သို့သော် ပြင်ပဈေးကွက်စာရွက်ဈေးမှာ ဇန်နဝါရီ ၉ ရက်တွင် တစ်ပိဿာ ကျပ် ၆၁၀၀ နှုန်းရှိသည်။ တစ်ပတ်အတွင်း ပြင်ပဈေး တစ်ပိဿာလျှင် ကျပ်တစ်ထောင်ခန့် ဈေးမြင့်တက်လာပြီး ဇန်နဝါရီ ၁၁ ရက်တွင်မူ ပြင်ပဈေးတစ်ပိဿာလျှင် ကျပ် ၅၆၀၀ နှုန်းသို့ ပြန်လည်ကျဆင်းလာကာ ဈေးကွက်တွင် ဝယ်လိုအားနည်းနေသည်။

ပဲအမျိုးမျိုး

ဇန်နဝါရီ ၁၀ ရက်တွင် မတ်ပဲ (FAQ/RC) တစ်တန် ကျပ် ၁၆၆၀၀၀၀၊ (SQ/RC) တစ်တန် ကျပ် ၁၇၅၀၀၀၀၊ ပဲစင်းငုံနီ (Rd/RC) တစ်တန် ကျပ် ၁၇၈၀၀၀၀၊ ပဲတီစိမ်းခရမ်း ရွှေဝါ(ထိပ်စ) တစ်ပိဿာ ကျပ်၂၈၀၀–၂၉၂၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၄၂၅၀–၄၄၀၀ နှုန်း ရှိနေသည်။

ကြက်သွန်နီ

ဇန်နဝါရီ ၁၁ ရက်တွင် နယ်စုံမှ ဘုရင့်နောင် ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် ၂၄၀၀၀၀ ဝင်ရောက်ပြီး မြင်းခြံကြက်သွန်နီ လက်ကား တစ်ပိဿာ ကျပ် ၁၉၀၀– ၂၄၀၀– ၂၄၀၀– ၂၃၀၀၊ မြစ်သား ကျပ် ၂၃၅၀–၂၅၅၀–၂၅၅၀–၂၅၀၀ နှုန်းရှိသည်။ ပခုက္ကူဈေးကွက်သို့ ဇန်နဝါရီ ၁၁ ရက်တွင် ကြက်သွန်နီပိဿာချိန် ၆၀၀၀၀ ဝင်ရောက်ပြီး တစ်ပိဿာအမြင့်ဆုံးဈေး ကျပ် ၂၀၅၀ နှုန်းရှိသည်။ မန္တလေးဈေးကွက်တွင် မြစ်သားကြက်သွန်နီ တစ်ပိဿာအမြင့်ဆုံးဈေး ကျပ် ၂၁၀၀ ရှိသည်။ မြင်းခြံဈေးကွက်တွင် ကြက်သွန်နီပိဿာချိန် ၁၁၈၀၀၀ ဝင်ရောက်ပြီး အမြင့်ဆုံးဈေးမှာ ကျပ် ၂၁၀၀ နှုန်း ရှိနေသည်။ ရန်ကုန်ဈေးကွက်တွင် မြစ်သားကြက်သွန်နီထက် မြင်းခြံအကြမ်းစများ ကိုသာ ဝယ်လိုအားများနေသည်။

ကြက်သွန်ဖြူ/အာလူး/ငရုတ်

ဇန်နဝါရီ ၁၁ ရက်တွင်ရှမ်းအောင်ပန်းကြက်သွန်ဖြူလက်ကား တစ်ပိဿာ ကျပ် ၄၇၀၀–၅၃၀၀– ၅၇၀၀–၆၀၀၀ နှုန်း၊ ကြူကုတ်ကြက်သွန်ဖြူ ကျပ် ၃၈၅၀ နှုန်းသို့ ဈေးနှုန်းများ မြင့်တက်လာသည်။ ရှမ်းကြက်သွန်ဖြူ အသစ်ပေါ်ခါနီးအချိန်တွင် လက်ကျန်အဟောင်းများနည်းလာ၍ ရက်ပိုင်းအတွင်း တစ်ပိဿာ ကျပ်နှစ်ထောင် ဈေးတက်လာသည်။

အာလူးအဝင်နည်းသည့်အတွက် အာလူးဈေးနှုန်းများ မြင့်တက်လာရာ ဇန်နဝါရီ ၁၁ ရက်တွင် ရှမ်းအောင်ပန်းအာလူး လက်ကားတစ်ပိဿာ ကျပ် ၁၈၀၀–၁၉၅၀–၁၉၅၀–၂၁၀၀ နှုန်း၊ တရုတ်အာလူး အဟောင်း တစ်ပိဿာ ကျပ် ၂၄၀၀ နှင့် တရုတ်အာလူးအသစ် ကျပ် ၂၁၀၀ နှုန်းသို့ ဈေးမြင့်တက်လာသည်။

ငရုတ်မျိုးစုံ ဈေးနှုန်းပြန်လည်မြင့်တက်လာပြီး ဇန်နဝါရီ ၁၁ ရက်တွင် ပန်းရဲငရုတ်ရှည် အသစ် တစ်ပိဿာ ကျပ် ၁၇၀၀၀၊ နယ်စုံမိုးထောင် ငရုတ် တစ်ပိဿာ ကျပ်၁၄၀၀၀၊ ဆင်ဖြူကျွန်းငရုတ်ပွအသစ် ကျပ် ၁၇၀၀၀ နှင့် တရုတ်စကငရုတ်ပွ ကျပ် ၁၇၀၀၀ နှုန်းရှိသည်။

အောင်ခင်နိုင်

ယခုတစ်ပတ်မှာတော့ ပရီမီယာလီဂ်ပွဲစဉ် (၂၀) ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မန်ယူနဲ့ မန်စီးတီး၊ စပါးနဲ့ အာဆင်နယ်တို့ ထိပ်တိုက်တွေ့ဆုံနေပါတယ်။ ဒါကြောင့် ဘယ်အသင်းက ရလဒ်ကောင်းရရှိပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ခြေစွမ်းအစစ်အမှန်ကို သိခွင့်ရမယ့် မန်ချက်စတာဒါဘီ

■ မိုးဇက် – စုစည်းသည်

ပရီမီယာလီဂ်ပွဲစဉ် (၂၀)	
၁၄-၁-၂၀၂၃	စနေနေ့
မန်ယူ – မန်စီးတီး	ည ၇း၀၀
ဘရိုက်တန် – လီဗာပူး	ည ၉း၃၀
အဲဗာတန်-ဆောက်သမ်တန်	ည ၉း၃၀
နော်တင်ဟမ် – လက်စတာ	ည ၉း၃၀
ဝုဖ် – ဝက်စ်ဟမ်း	ည ၉း၃၀
ဘရန်ဖို့ဒ်-ဘုန်းမောက်နံနက်	၁၂း၀၀
၁၅-၁-၂၀၂၃	တနင်္ဂနေ့
ချယ်ဆီး – ပဲလေ့စ်	ည ၈း၃၀
ကာဆယ် – ဖူလ်ဟမ်	ည ၈း၃၀
စပါး – အာဆင်နယ်	ည ၁၁း၀၀

မန်ယူ VS မန်စီးတီး

မန်စီးတီးက တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေတယ်။ မန်ယူကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးပြတ်ရလဒ်တွေနဲ့ ခြေစွမ်းပြသထားနိုင်တယ်။ မန်ချက်စတာဒါဘီမှာ ခြေစွမ်းအစစ်အမှန်ကို ပြသမယ့်အသင်းက မန်ယူလား၊ မန်စီးတီးလား။

ဘရိုက်တန် VS လီဗာပူး

နှစ်သင်းကြား ရမှတ်ကွာဟမှု တစ်မှတ်သာရှိပြီး ခြေစွမ်းသိသိသာသာ ကွာခြားခြင်း မရှိတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာသေချာတယ်။ လီဗာပူးအသင်း သာမန်စွမ်းဆောင်မှုထက် မပိုခဲ့ရင် ဘရိုက်တန် အနိုင်ရမယ်။

ဝုဖ် VS ဝက်စ်ဟမ်း

ဝုဖ်ရော ဝက်စ်ဟမ်းအသင်းပါ ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိဘူး။ နှစ်သင်းကြားရမှတ်ကွာမှုတစ်မှတ်သာရှိပြီး တန်းဆင်းဇုန်ဖိအားရှိတဲ့အတွက် ရရှိလာတဲ့အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်တဲ့အသင်း နိုင်မယ်။

အဲဗာတန် VS ဆောက်သမ်တန်

တန်းဆင်းဇုန်အချင်းချင်း တွေ့ဆုံတာကြောင့် ယခင်ပွဲစဉ်တွေကထက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ သို့သော်ငြား ဆောက်သမ်တန်အသင်းထက် မဖြစ်မနေ နိုင်ပွဲရရှိဖို့ ကြိုးစားလာမယ့် အဲဗာတန်ရဲ့ ရုန်းအားကို ကြည့်ရမယ်။

ကာဆယ် VS ဖူလ်ဟမ်

ခြေစွမ်းပြ နိုင်ပွဲဆက်နေတဲ့ ဖူလ်ဟမ်က တိုက်စစ်ထက်ပြီး ခံစစ်ငြိမ်တဲ့ ကာဆယ်ကို ဒုက္ခပေးသွားနိုင်တယ်။ သို့သော်ငြား ခံစစ်အားနည်းတတ်တဲ့ ဖူလ်ဟမ်အနေနဲ့ ကာဆယ်အသင်းရဲ့ တိုက်စစ်ကို အချိန်ပြည့် မတောင့်ခံနိုင်ရင် ရှုံးဖွယ်ရာရှိတယ်။

စပါး VS အာဆင်နယ်

အမှတ်ပေးဇယားကို ရမှတ်အသာနဲ့ ဆက်လက်ဖြတ်ထားနိုင်ဖို့ ကြိုးစားလာမယ့် အာဆင်နယ်ကို အဆင့် (၄) ဝင်ရေး ခြေကုန်ထုတ်လာမယ့် စပါးအသင်း ဟန့်တားဖို့ ခက်မယ်။ ခံစစ်ပိုင်းအားနည်းတတ်တဲ့ စပါးကို အာဆင်နယ် နိုင်မယ်။

ကာရာဘောင်ဖလားပြိုင်ပွဲဆီမီးဖိုင်နယ်၌ မန်ယူနှင့် နော်တင်ဟမ်တို့ ဆုံတွေ့

ကာရာဘောင်ဖလားပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီးနောက် ဆီမီးဖိုင်နယ်ပွဲစဉ်များကို မဲနှိုက်ရွေးချယ်ခဲ့ရာ မန်ယူအသင်းက နော်တင်ဟမ် ဖောရက်စ်အသင်းနှင့် ဆုံတွေ့နေသည်။

မန်ယူအသင်းက ကွာတားဖိုင်နယ်တွင် ပြိုင်ဘက် ချာလ်တန်အသင်းကို ဂိုးပြတ်အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့သည်။ ပြိုင်ဘက် နော်တင်ဟမ်အသင်းက ဝုဖ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး-သုံး ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့သည်။

ထို့ပြင် အသင်းကြီး မန်စီးတီးကို ဂိုးပြတ်အနိုင်ယူခဲ့သော ဆောက်သမ်တန်အသင်းက လက်စတာကို ဂိုးပြတ်အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းသော နယူးကာဆယ်အသင်းနှင့် ဆုံတွေ့နေသည်။

ကာရာဘောင်ဖလားဆီမီးဖိုင်နယ်ကို နှစ်ကျော့စနစ်ဖြင့် ဇန်နဝါရီ ၂၃ ရက်မှ ၃၀ ရက်အတွင်း ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။ မန်ယူ အသင်းသည် ကာရာဘောင်ဖလားကို ငါးကြိမ်ဆွတ်ခူးထားပြီး အဆိုပါ ဖလား ကို ၂၀၁၆-၂၀၁၇ ခုနှစ်က နောက်ဆုံးဆွတ်ခူးထားသည်။

စပိန်စူပါဖလားပြိုင်ပွဲ ဗိုလ်လုပွဲ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ကစားမည်

စပိန်စူပါဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ဇန်နဝါရီ ၁၆ ရက်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ဆီမီးဖိုင်နယ်တွင် ပြိုင်ဘက်ဗလင်စီယာအသင်းကို သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် ရီးရဲမက်ဒရစ်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ရီးရဲဘက်တစ်နှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်တွင်လည်း အကြိတ်အနယ် ရှိခဲ့ပြီး သာမန်ပွဲချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် ဘာစီလိုနာအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ဖလား၏ လက်ရှိချန်ပီယံမှာ ရီးရဲမက်ဒရစ်အသင်းဖြစ်ပြီး ယမန်နှစ်က ဘီလ်ဘာအိုအသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးရသတင်းတိုများ

- စီရော်နယ်ဒို၏ အသင်းသစ် အယ်နာဆာ၏ ပြိုင်ဘက် အယ်ဟီရယ်ကမက်ဆီကို တစ်နှစ် ပေါင် ၂၄၅ ဒသမ ၉ သန်းဖြင့် ကမ်းလှမ်းသွားရန် ပစ်မှတ်ထားနေသည်။
- ဘရိုက်တန်မှ တောင်ပံကစားသမား ထရိုဆတ်ကို ခေါ်ယူရန် စပါးအသင်း စိတ်ဝင်စားနေသည်။
- ပြင်သစ်ခံစစ်ကစားသမား လူးကပ် ဒစ်ဂ်နီကို အက်စ်တွန်ဗီလာအသင်း ရောင်းထုတ်လိုနေသည်။
- ယခုလတွင် တိုက်စစ်ကစားသမား နှစ်ဦးကို အဲဗာတန်အသင်းက ခေါ်ယူလိုနေသည်။

နာအိုမီ အိုဆာကာ

ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်း နာအိုမီ ကိုယ်ဝန်လွယ်ထားရဟုဆို

ဂရင်းဆလမ်းချန်ပီယံဆုကို လေးကြိမ်ဆွတ်ခူးရရှိထားသည့် နာအိုမီ အိုဆာကာသည် ၎င်းတွင် ကိုယ်ဝန်လွယ်ထားရပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ထို့ကြောင့် အသက် ၂၅ နှစ်အရွယ် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်းသည် ယခုသီတင်းပတ်အစောပိုင်းတွင် သြစတြေးလျအိုးပင်းပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ၎င်းသည် စက်တင်ဘာလနောက်ပိုင်း ပြိုင်ပွဲကစားထားရခြင်း မရှိသေးကြောင်းလည်း သိရသည်။ အိုဆာကာသည် ၂၀၂၁ ခုနှစ်တွင် နောက်ဆုံး၎ရင်းဆလမ်းချန်ပီယံဆုကို သြစတြေးလျအိုးပင်းပြိုင်ပွဲ၌ ရရှိထားသူဖြစ်သည်။

၂၀၂၃ ခုနှစ်က ၎င်းအတွက် သင်ယူလေ့လာစရာတွေနဲ့ ပြည့်နှက်နေမည့်နှစ်တစ်နှစ်ဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်မည်ဟု မျှော်မှန်းထားကြောင်း နာအိုမီက ပြောသည်။

၎င်းပြင် ၎ရင်းဆလမ်းချန်ပီယံဆု သုံးကြိမ်ဆွတ်ခူးထားသည့် ဂျာမနီမှ ကာဘာသည် သြဂုတ်လက ကိုယ်ဝန်လွယ်ထားရကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် ဆီရီနာဝီလျံသည် ကလေးမီးဖွားရန် ၂၀၁၇ ခုနှစ်က တင်းနစ်ကစားခြင်းမှ အနားယူခဲ့ကြောင်းနှင့် ကလေးမီးဖွားပြီးနောက် တင်းနစ်လောကမှ အနားယူမီအထိ တင်းနစ်ကို ဆက်လက်ကစားခဲ့သည်။

ဝက်ဟော့သ်ကို ရာသီဝက်အဌား ခေါ်ယူရန် မန်ယူ သဘောတူညီမှုရရှိ

နယ်သာလန်တိုက်စစ်ကစားသမား ဝက်ဟော့သ်ကို ရာသီဝက်အဌားဖြင့် ခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှု ရရှိပြီဖြစ်သည်။ အသက် ၃၀ အရွယ် ဝက်ဟော့သ်သည် ဘက်ဆီးတပ်စ်မှ အဌားဖြင့် ဘန်လေအသင်း၌ ကစားနေသူ ဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁-၂၀၂၃ စနေနေ့

MRTV HD

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(တောရွက်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ Weekly Sports Info
- ၀၈:၃၅ ပြည်သူ့အားလုံးနှင့်သက်ဆိုင်သောအနာဂတ် ဒီမိုကရေစီ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ် နည်းများ "ကယားဝက်အူချောင်း"
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **"အတိတ်ဘဝ်းဘဝ်အချစ်ချို"**(အပိုင်း ၃၇)
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်(အပိုင်း ၂၇)
- ၁၆:၀၀ ပုံပြင်ကမ္ဘာ 'စာနာတတ်ပါပြီ'
- ၁၆:၄၅ ရွှေဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈:၂၀ ရသစုံစာဌာနပြကဒဏ္ဍာ
- ၁၈:၃၅ မှဲ့ပြိုးစည်ပင်စစ်ကိုင်းမြို့တစ်ခွင်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာ...သိရိဂေဟာ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **"ဝိန်းကြာရွက်ပေါ်တင်သောရေ"**(အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း ဗိုလ်လေဝယအာခြေအနေ
- ၂၁:၀၀ နိုဝါတ်တော်လာဇာတ်သတင်မဟာ **'ရေသည်ဖြေဇာတ်'**

mitv

- 07:02 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:09 Weekly Review
- 07:25 Bagan Lacquerware
- 07:39 Myanmar Family Life: Children & Library
- 08:01 News
- 08:28 Kayah Style
- 08:37 Listening Pleasure, Instrumental Music (Don Min) Metta Prayer (Myitta Wai Than Hsan)
- 08:52 Quiz Time
- 10:01 News
- 10:27 Products of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake
- 10:41 Ecotourism: Naga Traditional Customs
- 11:01 Attractions around Hopong Hill Station

MRTV NRC

- ၅၂:၀၀ (လိုင်ဇိုး) (၆:၀၀ မှ ၈:၀၀ ထိ) ဝုက်ယူစံထားဘောလုံးသမားဆလိုင်းလာလ်ကျဲအိုလွယ်
- ၅၂:၀၀ (ချိုး) (၀၇:၀၀ မှ ၀၈:၀၀ ထိ) အာဟာရပြည့်အေတို့ချက်
- ၅၂:၀၀ မှန် (၀၈:၀၀ မှ ၁၀:၀၀ ထိ) တောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံးလျှောင်းတော်မူ ဘုရား
- ၅၂:၀၀ ရုခိုင် (၁၀:၀၀ မှ ၁၂:၀၀ ထိ) လခြမ်းမြိုမရိုးရာအလှ(အပိုင်း-၂)
- ၅၂:၀၀ ရွမ်း (၁၂:၀၀ မှ ၁၄:၀၀ ထိ) ရွမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၇)
- ၅၂:၀၀ 'ဝ' (၁၄:၀၀ မှ ၁၆:၀၀ ထိ) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၆)
- ၅၂:၀၀ ကချင် (၁۶:၀၀ မှ ၁۸:၀၀ ထိ) ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

MRTV NEWS

- ၀۶:၀၀ အဖွင့်၊တေးသီချင်း
- ၀۶:၃၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၃၅ Weekly International News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁۶:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အာလ်
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **"အပေါင်းအသင်း"**
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၇
- ၁၁:၀၀ နိုင်ငံတကာလွှတ်တော်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ အတွေ့အမြင်(အပိုင်း-၇)

MRTV FARMERS'

- ၀۶:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နွတ်ခွန်းဆက်
- ၀۶:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀۶:၂၅ လယ်လုပ်သူတို့ပျော်ရွှင်ချိန်
- ၀۷:၀၀ ဆွေးနွေးကြမယ်စိုက်ပျိုးပေးမြေနည်း အသွယ်သွယ်
- ၀۷:၁၀ ပျိုးနှင်းနည်းပညာဖြန့်ဝေရာမြစ်သား စိုက်/သည်မှာ
- ၀۷:၀၀ သေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျွန်းမာရေး
- ၀۷:၁၅ စက်မှုလယ်ယာအရက်ဦး(ကောက်စိုက်စက် ဖြင့်စိုက်ပျိုးခြင်း)
- ၀۷:၂၅ စကားပြောသော်ပုံရိပ်များ
- ၀۷:၃۵ ကိုင်းကူးကိုင်းဆက်နည်းပညာ

MRTV SPORTS

- ၀۶:၀၀ အဖွင့်
- ၀۶:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀۷:၀၀ SPORT News
- ၀۷:၁၀ Soccer View/Weekly Sports Info/Sports Diary
- ၀۷:۵۵ အားကစားလောကထဲကသူတို့အကြောင်း
- ၁၀:၀၀ ပြန်လည်ခံစားပြန်မာနယ်ရှင်နယ်လိုဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဒေတာ(၅)ဂီဂါ (၆)ကြိမ်ခန့်(၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊ SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

သင်္ဘောနန်းကျွန်းပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲဖွဲ့စည်းခြင်းနှင့် ကြက်ခြေနီရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲများ ကျင်းပ

ရန်ကုန် ဧန်နဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး သင်္ဘောနန်းကျွန်းမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် သင်္ဘောနန်းကျွန်းပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းများ အမှတ်စဉ်(၃/၂၀၂၂)၊ (၄/၂၀၂၂)၊ (၅/၂၀၂၂)နှင့် (၆/၂၀၂၂) သင်တန်းများဆင်းပွဲနှင့် သင်္ဘောနန်းကျွန်းပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲ ဖွဲ့စည်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက သင်္ဘောနန်းကျွန်းပညာရေးဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ဆက်လက်၍ သင်္ဘောနန်းကျွန်းပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲ အမှုဆောင်အဖွဲ့ ခန့်အပ်လွှာနှင့် အသင်းဝင်အဆိုပြုလွှာများကို ကျောင်းအုပ်ကြီး ဒေါ်ငြိမ်းသီအောင်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးအား ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အပတ်စဉ်အလိုက် ထူးချွန်ဆုရ သင်တန်းသားများအား ဆုများချီးမြှင့်ပေးသည်။

ဆက်လက်၍ သင်တန်းသားများအား အောင်လက်မှတ်များ ချီးမြှင့်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရှေးဦးပြုစုခြင်းဆေးအိတ်ကို လှူဒါန်းရာ သင်္ဘောနန်းကျွန်းပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲမှ ကျောင်းအုပ်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က ငွေကျပ် ၃၁၀၀၀၀ တန်ဖိုးရှိ ရှေးဦးပြုစုခြင်းကျန်းမာရေးစာအုပ်ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

တင်ကြည်(သင်္ဘောနန်း)

ယနေ့စျေးကွက်ပေါက်စျေးများ

၁၃ - ၁ - ၂၀၂၃

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်စျေး	တစ်ကျပ်သား ကျပ်	၂၂၉၆၀၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်စျေး	တစ်ကျပ်သား ကျပ်	၂၂၃၇၂၀၀
ကမ္ဘာ့ရွှေစျေးအဖွင့်စျေး	တစ်အောင်စ	အမေရိကန်ဒေါ်လာ ၁၈၉၈
ကမ္ဘာ့ရွှေစျေးအပိတ်စျေး	တစ်အောင်စ	အမေရိကန်ဒေါ်လာ ၁၈၉၉

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီစျေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၃၆၅ ကျပ်	၂၄၁၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၄၄၅ ကျပ်	၂၄၉၀ ကျပ်
အောက်တိန်း ၉၂	၂၀၉၅ ကျပ်	၂၁၄၅ ကျပ်
အောက်တိန်း ၉၅	၂၁၆၀ ကျပ်	၂၂၀၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀ . ၀
ဥရောပ	တစ်ယူရို	ကျပ်	၂၂၇၇ . ၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၈၉ . ၆
ထိုင်း	တစ်ဘတ်	ကျပ်	၆၃ . ၇၀၄
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၆၃၆ . ၂
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၈၄ . ၃၂
တရုတ်	တစ်ယွမ်	ကျပ်	၃၂၁ . ၆၅
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅ . ၈၁၄

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

ကုမ္ဗဏီအမည်	အဖွင့်စျေး (ကျပ်)	အပိတ်စျေး (ကျပ်)	ရယ်ယာစောင်ရေ	ရယ်ယာတန်ဖိုး (ကျပ်)
FMI	၈၈၀၀	၈၉၀၀	၂၀၄	၁၈၁၀၆၀၀
MTSH	၃၃၀၀	၃၃၅၀	၂၀၄	၆၇၄၈၅၀
MCB	၇၅၀၀	၇၅၀၀	၁၉	၁၄၂၅၀၀
FPB	၀	၀	၀	၀
TMH	၀	၀	၀	၀
EFR	၂၇၀၀	၂၆၅၀	၁၁	၂၉၆၅၀
AHP	၄၉၀၀	၄၉၀၀	၃၀၀	၁၄၇၀၀၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀۶၇-၃۶၁၄၂၂ စာတည်းအဖွဲ့ ၀۶၇-၃۶၁၄၄၅၊ ဖက်စ် ၀۶၇-၃۶၁၄၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းဖြို့နယ်၊ ရန်ကုန်ဖြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၅၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀۶၇-၃۶၁၄၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈۶၀၄၅۶۶။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဝန်ထမ်းအလိုရှိသည်

1. Shop Manager(Any graduate/အတွေ့အကြုံ ၃နှစ်) (ဆိုင်မန်နေဂျာ – မ) ၃ ဦး
2. Auditor (B.com,LCCI Level–3)(UK) (စာရင်းစစ် – မ) ၅ ဦး
(အတွေ့အကြုံ ၃နှစ်)
3. Senior Accountant(B,com, LCCI Level–3)(UK) (စာရင်းကိုင် – မ) ၅ ဦး
(အတွေ့အကြုံ ၃နှစ်)
4. Junior Accountant(LCCI Level –2 (စာရင်းကိုင် – မ) ၅ ဦး
(အတွေ့အကြုံ ၃နှစ်)
5. Sale & Marketing (ဈေးကွက်ရှာဖွေရေး–ကျား/မ) ၅ ဦး
(Any graduate/အတွေ့အကြုံ ၃နှစ်)
6. Salesman (Any graduate/အတွေ့အကြုံ ၃နှစ်) (ကျွမ်းကျင်ဝန်ထမ်း–မ) ၅ ဦး
7. Cashier(Any graduate/အတွေ့အကြုံ ၃နှစ်) (ကျွမ်းကျင်ဝန်ထမ်း–မ) ၅ ဦး
8. Store Keeper (Any graduate / (ဂိုဒေါင်မှူး – ကျား / မ) ၅ ဦး
အတွေ့အကြုံ ၃နှစ်)
9. Driver – လိုင်စင် (အနီ) (ယာဉ်မောင်း – ကျား) ၅ ဦး
10. General (အထွေထွေဝန်ထမ်း–ကျား) ၁၀ ဦး
11. Security (လုံခြုံရေး – ကျား) ၅ ဦး

မှတ်ချက်။ ။ လုပ်ငန်းကျွမ်းကျင်မှုအပေါ်တွင်မူတည်၍ လစာခံစားခွင့်ရှိသည်။

"ဝင်းချယ်ရီကုမ္ဍဏီလီမိတက်"

အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ (တော်ဝင်နှင်းဆီစားသောက်ဆိုင် အနီး၊ ဗန်ဒါပင်မှတ်တိုင်) လူကိုယ်တိုင် (CV Form၊ ဓာတ်ပုံ (၂) ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာနှင့်အတူ (၁၇–၁–၂၀၂၃)ရက်ထိ နောက်ဆုံးထား၍ လာရောက် လျှောက်ထားနိုင်ပါသည်။

E-mall လိပ်စာ– winattention888@gmail.com သို့လည်း လျှောက်ထားနိုင်ပါသည်။

အင်တာဗျူးချိန် – နံနက် ၉:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ (၁၈–၁–၂၀၂၃ မှ ၂၁–၁–၂၀၂၃ထိ

ဆက်သွယ်ရန် – 09 – 408900635 / 09 – 5013241 / 09 – 407852288 / 09 – 420275736
09–798133515/01 – 558542,542844
(9:00 AM – 5:00 PM) ရုံးချိန်အတွင်းသာ ဆက်သွယ်ရန်

ကျေးလက်ဒေသ ပွဲပြိုးကိုးတက်ရေးအတွက် ကိုးကမ္ဘာ ဂျာနယ် ထွက်ရှိ

၁၅–၁–၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၂) တွင်
– တပ်ကွဲတွဲလနှင့် မြန်မာ့ဓလေ့ရိုးရာ ထမနဲပွဲအစဉ်အလာ
– စားသုံးဆီဖူလုံရေး နေကြာစိုက်ပျိုးပေး
– ပဲစင်းငုံ ပန်းတိုင်အထွက်ရှန်းရရှိရေး
– ဈေးကွက်ဝယ်လိုအားရှိနေသော ကြံစိုက်ပျိုးထုတ်လုပ်မှု
– ၄ာ်ပျောစိုက်ပျိုးဖြစ်ထွန်း၍ တောင်သူများ စီးပွားဖြစ်
– အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) ရှင်သန်တိုးတက်ရေး
– ဒေသကြက်များတွင် အများဆုံးတွေ့ရသော လည်လိမ်ရောဂါ
– ပိန်းဥ၏ ကျန်းမာရေးအတွက် အရေးပါပုံအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အဖြိုမြိုအနယ်နယ်ရှိ မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်၊
DKY Journal

"အများပြည်သူသဘောထားတောင်းခံခြင်း"

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာနတွင် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (အထူး) ရရှိထားသော NexGeNet Co., Ltd ၏ အစုရှယ်ယာ (၁၀၀%) ကို Crystal Shine Group of Companies Limited သို့ လွှဲပြောင်းခြင်းအတွက် ဆက်သွယ်ရေးကဏ္ဍ၏ ပြိုင်ဆိုင်မှုဆိုင်ရာနည်းဥပဒေများ အပိုဒ် ၃၀ (ဃ) အရ အများပြည်သူသဘောထားတောင်းခံခြင်းဖြစ်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း စာတိုက်မှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သို့ လိပ်မူ၍ ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာန၊ ရုံးအမှတ်(၂) နေပြည်တော်သို့ ပေးပို့ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှူဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၀/တံတားဦးအနောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂–၈/21–G)၊ ဂရန်စာချုပ်ပေါ်ရှိ ဧရိယာ(၀.၁၉၄)ဧက၊ ယခု လက်ရှိ မြေပြင်(၀.၁၁၀) ဧကအနက်မှ တောင်ဘက်ခြမ်း ဧရိယာ(၀.၀၄၇)ဧကအား မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်နန်းလှကြည် ၁၃/သနန(နိုင်)၀၀၂၄၇၀ က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/8547 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

အနုပညာရှင်(၂)ရာထူးစာမေးပွဲ စစ်ဆေးမည့်နေ့ရက်ကြေညာခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင်အနုပညာရှင်(၂) (လစာနှုန်းကျပ်၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀)ရာထူး(၁၄)နေရာအတွက် (၂၉–၁၁–၂၀၂၂)ရက်နေ့နှင့် (၃၀–၁၁–၂၀၂၂)ရက်နေ့သတင်းစာများမှကြော်ငြာခေါ်ယူခဲ့၍လျှောက်ထားသူများအနက်မှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား ရေးဖြေစစ်ဆေးခြင်းကိုမြန်မာ့အသံနှင့်ရုပ်မြင်သံကြားရန်ကုန်နှင့်နေပြည်တော်–တပ်ကုန်းတို့တွင် (၂၈–၁–၂၀၂၃)ရက်၊ စနေနေ့၊(၀၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ ပြုလုပ်မည်ဖြစ်ပါသည်။

၂။ လျှောက်လွှာပေးပို့ထားသူများအနက် ရေးဖြေစာမေးပွဲဖြေဆိုမည့်သူများအနေဖြင့်သတင်းစာတွင်ကြော်ငြာသည့်နေ့မှစ၍မိမိတို့အမည်၊ ခုနံပါတ်များစာရင်းပါဝင်မှုရှိ/မရှိကာယကံရှင်ကိုယ်တိုင်ရုံးချိန်အတွင်း၀၆၇–၈၀၇၉၁၈၅၅သို့ဆက်သွယ်စာရင်းပေးပို့ရန်နှင့်ရေးဖြေစာမေးပွဲဖြေဆိုရန်အတွက် (၂၅–၁–၂၀၂၃)ရက်နေ့နှင့်(၂၆–၁–၂၀၂၃) ရက်နေ့များတွင်ရန်ကုန်မြို့မှ လျှောက်ထားသူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရန်ကုန်ရုံးနှင့်နေပြည်တော်–တပ်ကုန်းမှ လျှောက်ထားသူများအနေဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်–တပ်ကုန်းရုံးတို့၌ ရုံးချိန်အတွင်းလိုင်စင်ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့နှင့်အတူ ကိုယ်တိုင်လာရောက်သတင်းပေးပို့၍ကိုယ်ရေးရာဇဝင်ပုံစံဖြည့်စွက်ရမည်ဖြစ်ပြီး (၂၈–၁–၂၀၂၃)ရက်နေ့စာမေးပွဲလာရောက်ဖြေဆိုရာတွင်ပညာအရည်အချင်း၊ အောင်လက်မှတ်(မူရင်း)၊ အသက်အထောက်အထားအတွက်အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရမည်။

၃။ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများ၏ ခုံနံပါတ်များနှင့် အောင်မြင်သူများအတွက်လူတွေ့စစ်ဆေးမည့်ရက်ကိုကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းကြေညာပေးမည်ဖြစ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)
တတိယအကြိမ်အလုပ်အမှုဆောင်အဖွဲ့
ရွေးချယ်တင်မြှောက်ပွဲကျင်းပပြုလုပ်မည့်ရက်
"အသိပေးကြေငြာခြင်း"

၁။ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)၏ ၁၂. ၁. ၂၀၂၃ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော (၁/၂၀၂၃)ကြိမ်မြောက်အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ အသင်း၏ **"တတိယသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲ"**ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့်နေ့ရက် - ၂၅. ၃. ၂၀၂၃ (စနေနေ့)
ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီ
ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့်နေရာ - Sapphire Ballroom(Second Floor), LOTTE Hotel

၂။ ရွေးချယ်ခံရန်နှင့် ဆန္ဒမဲပေးရန် တစ်ဦးချင်းအဆိုပြုလွှာ(လျှောက်လွှာ)များကို ကျောက်မျက်အသင်း(ရန်ကုန်)အသင်းရုံးတွင် (၁. ၂. ၂၀၂၃)ရက်နေ့မှစတင်၍ လာရောက်ထုတ်ယူနိုင်ပြီး (၂၈. ၂. ၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာများပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။

ရွေးချယ်တင်မြှောက်ရေးကော်မရှင်
ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)

ဆီးဂိမ်းအကြို ကမ္ဘောဒီးယားရိုးရာ စစ်တုရင်ပြိုင်ပွဲ မြန်မာအသင်း ရွှေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူး

ရန်ကုန် ဇန်နဝါရီ ၁၃

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား(ဆီးဂိမ်း)ပြိုင်ပွဲအကြိုအဖြစ် ကျင်းပခဲ့သည့် ကမ္ဘောဒီးယားရိုးရာစစ်တုရင်(Out Chakt-rang) ပြိုင်ပွဲတွင် မြန်မာစစ်တုရင် အသင်းအနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိကြောင်း သိရသည်။



ကမ္ဘောဒီးယား နိုင်ငံ ဖနောင်ပင်မြို့နယ်ရှိ ရွှင်ရယ် တက္ကသိုလ်တွင် ဇန်နဝါရီ ၆ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် စစ်တုရင်ပြိုင်ပွဲတွင် မြန်မာစစ်တုရင်အသင်းအနေဖြင့် အမျိုးသား သုံးယောက်တွဲ စစ်တုရင်ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆု၊ အမျိုးသား လေးယောက်တွဲ ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်နှင့် အမျိုးသား နှစ်ယောက်တွဲ ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုရရှိခဲ့ပြီး အိမ်ရှင် ကမ္ဘောဒီးယားက ရွှေသုံးခု၊ ဗီယက်နမ်က ရွှေနှစ်ခု၊ မြန်မာမှ ရွှေတစ်ခုရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် အိမ်ရှင် ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနိုင်ငံမှ ကစားသမား အများဆုံးဝင်ရောက်ခဲ့ပြီး မြန်မာမှ ကစားသမား လေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယင်း ကမ္ဘောဒီးယား ရိုးရာစစ်တုရင်(Out Chakt-rang) ကစားနည်းပြိုင်ပွဲ ခြောက်မျိုးတွင် အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး ဆီးဂိမ်းတွင် ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

မြန်လင်းစိုး

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးတင်ဝင်း ၁၄/ငပတ(နိုင်)၀၉၁၄၄၈၃၊ သဲဖြူကျေးရွာ၊ ငရုတ်ကောင်းမြို့နယ်ခွဲ၊ ငပုတောမြို့နယ်နေသူသည် ပုသိမ်မြို့နယ်၊ မဲဇလီကျေးရွာရှိ ကွင်းအမှတ်(၆၀၃)ကွင်းအမည် ငုပင်ကွင်း (ပြင်)၊ ဧရိယာ ၂၃၀ဧကရှိ မြေကွက်ကို မူလပိုင်ရှင် ဗိုလ်မှူးထွန်းရှင်(ငြိမ်း) ၁၂/ရကန(နိုင်)၀၀၉၉၁၈၊ တိုက်အမှတ် (၂၇)၊ လမ်းသွယ်(၁)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ထံမှ ၅–၇–၂၀၁၄ရက်တွင် ဝယ်ယူပြီး လက်ရှိထား၍ ထိန်းသိမ်းပြုပြင် စောင့်ရှောက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်နှင့်ပတ်သက်ပြီး ဦးတင်ဝင်း၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အခြားသူတစ်ဦးဦးထံ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးညွန့်ရိန် B.A, H.G.P, C.B.L
အထက်တန်းရှေ့နေ (စဉ်–၁၉၈၄၀)
အမှတ်(၁၀၀၀)၊ ယိုးဒယားကုန်းလမ်း၊ ပုသိမ်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၀/တံတားဦးအနောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂–၈/21–G)၊ ဂရန်စာချုပ်ပေါ်ရှိ ဧရိယာ(၀.၁၉၄)ဧက၊ ယခု လက်ရှိ မြေပြင်(၀.၁၁၀) ဧကအနက်မှ မြောက်ဘက်ခြမ်း ဧရိယာ(၀.၀၆၃)ဧကအား မြေ ငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်နန်းခမ်းယုံ ၁၃/ လရ နနိုင်) ၀၁၂၇၉၆ က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများ လဟယ်မြို့၌ကျင်းပလျက်ရှိ

လဟယ် ဇန်နဝါရီ ၁၃

ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ရွှေပြည်သာအားကစားကွင်း၌ ဇန်နဝါရီ ၁၂ ရက်မှစ၍ ကျင်းပလျက်ရှိသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများအဖြစ် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ သံလုံးပစ်၊ လွန်ဆွဲ၊ ချောတိုင်တက်၊ စားပွဲတင်တင်းနစ်၊ မာရသွန်၊ မိနီမာရသွန်နှင့် ခေါင်းအုံးရိုက်စသည့် ပြိုင်ပွဲ ၁၂ မျိုး ကျင်းပလျက်ရှိကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးမှူးရုံးမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒပုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆူ(ပိဋ္ဌကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၇၉. ၀၀	၇၂၀ ဆူ	၅၁၉ ဆူ	၂၀၁ ဆူ
၂။	သာသနာ့ဗီမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၀၀၀ သိန်း	၄၁၀၀၀ သိန်း
၃။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၁ ခု	၁၇ ခု
၄။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၁ တိုင်	၈ တိုင်
၅။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂. ၀၀	၂၀၀ ခန်း	၉ ခန်း	၁၉၁ ခန်း
၆။	မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၆၉ ခန်း	၃၈၆ ခန်း
၇။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၁၅. ၀၀	၅၀ တိုင်	၄၉ တိုင်	၁ တိုင်
၈။	လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင်	၁၀. ၀၀	၁၈၀ တိုင်	၁၈၀ တိုင်	-
၉။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၂၆ ခု	၅၂၆ ခု
၁၀။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၄. ၇၀	၂၁၁၉. ၅၃ ကျင်း	၆၈ ကျင်း	၂၀၅၁. ၅၃ ကျင်း
၁၁။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၁၀	၂၁၈. ၁၄ ကျင်း	၂၆ ကျင်း	၁၉၂. ၁၄ ကျင်း
၁၂။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၃. ၆၀	၅၉၁၀. ၆၆ ကျင်း	၂၃ ကျင်း	၅၈၈၇. ၆၆ ကျင်း
၁၃။	ကြွေပြား ၁ ကျင်းနှုန်း	၂. ၀၀	၁၇၃၆. ၀၈ ကျင်း	၃၀၄ ကျင်း	၁၄၃၂. ၀၈ ကျင်း
၁၄။	မုစလိန္ဒအိုင်	၂၂၅၆၀. ၀၀	၁	၅၃၂၈ သိန်း	၁၇၂၃၂ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလေ့ကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၄. ၇၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၁၇. ၀၀	၄၃	-	၄၃
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၄၆၆. ၁၂	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၆၅၈. ၃၄	၁	-	၁
၁၅။	ခြောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၁၉၃. ၀၀	၈၂ ခု	-	၈၂ ခု
၁၆။	ပိဋ္ဌကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၁၂. ၀၀	၅၀၀ စုံ	၃၁၂ စုံ	၁၈၈ စုံ

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦးများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့
အိတ်ဖွင့်လေလံခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်အတွင်း စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သော HDBC ကြေးကြိုးအဟောင်းများအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချနိုင်ရန်အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

လေလံဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **လေလံပုံစံ ရောင်းချမည့်ရက်** - ၁၆-၁-၂၀၂၃ရက်(တနလာဒေး)မှ ၁၅-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)အထိ

(ခ) **လေလံပုံစံ ရောင်းချမည့်နေရာ** - ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ တောင်ကြီးမြို့

(ဂ) **လေလံဖွင့်ပွဲပြုလုပ်မည့်နေရာ** - ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ တောင်ကြီးမြို့

(ဃ) **လေလံဖွင့်ပွဲပြုလုပ်မည့်ရက်** - ထပ်မံဆက်သွယ်ပေးပါမည်။

အသေးစိတ်အချက်အလက်များကို အောက်ပါအတိုင်း စုံစမ်းနိုင်ပါသည်-

လေလံတင်ရောင်းချရေးအဖွဲ့
ရှမ်း(တောင်)၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
ဖုန်း-၀၈၁-၂၁၂၀၁၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပုသိမ်မြို့နယ်တရားရုံးတော်၌
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈၅

ဧရာပုသိမ်ဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သော ကုမ္ဗဏီလိမိတက်
(ၦင်း၏ကိုယ်စားမန်နေဂျာ ဦးခင်ဝင်း)
တရားလို

နှင့်

၁။ ဦးသန့်ဇော်မျိုး
၂။ ဒေါ်နီလာထွန်း
တရားပြိုင်များ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၁)ရပ်ကွက်၊ ရန်ကင်းတောင်ရပ်နေ ဦးသန်းဇော်မျိုး၊ ဒေါ်နီလာထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့၏အပေါ်၌ တရားလိုက ဆန်ဖိုးကျန်ငွေ (၃၁၃၆၀၀၀/-)နှင့် နစ်နာကြေးငွေ (၅၀၀၀၀၀/-) စုစုပေါင်း (၃၆၃၆၀၀၀/-)တိတိ ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရေနေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဧနီနဝါရီ ၂၀ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလကွယ်နေ့)တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အဖိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ဓိလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန်းသော်တာခိုင်)
တွဲဖက်မြို့နယ်တရားသူကြီး (၄)
ပုသိမ်မြို့နယ်တရားရုံး

ကြေးကြိုးအဟောင်းများ ရောင်းချခြင်း

ကျွန်ုပ်တို့ဌာနတွင် ကြေးကြိုးအဟောင်းများ ရှိနေပါသည်။ ကြေးကြိုးအဟောင်းများ ဝယ်ယူလိုသူများ ကိုယ်တိုင်ရောက်ရှိ၍ ကြည့်ရှုနိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကုန်ကြမ်းနှင့်ပစ္စည်းများ ဌာနခွဲ
ဖုန်း-၀၆၅-၂၂၀၂၁

ကြေးကြိုးအဟောင်းများ ရောင်းချခြင်း

ကျွန်ုပ်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ် မြို့နယ် သမဝါယအသင်းစု(လီမိတက်) လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ သမဝါယအသင်းစု(လီမိတက်)မှ ပိုင်ဆိုင်သော အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံများအား မျက်မြင်မြေပြင်ရှိ အနေအထားတိုင်း လေလံစနစ်ဖြင့်ရောင်းချသွားမည်ဖြစ်ပါသည်-

(က) လပွတ္တာမြို့နယ်၊ ကျောက်မှော်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်(၅၈၁-ခ)၊ အောက်ချောင်းဦးပိုင်(N-1)သည် ဆည်မြောင်း ရေတံခါးနှင့် စက်မူလယယ်ယာရုံးကြား၊ မြေဧရိယာ ၅ဒသမ ၂၈ ဧက၊ အဆိုပါ မြေပေါ်ရှိ ဆားစက်အဆောက်အအုံ ၆၄'၅၄'၊ ၂၀' တစ်လုံးနှင့် (လ-၆၀' xန-၃၆' x မ-၁၀')မြေစိုက်ဝါးထရံကာ သွပ်မိုး သိုလှောင်ရုံတစ်လုံး။

(ခ) လပွတ္တာမြို့၊ အမှတ် (၅)ရပ်ကွက်၊ ကုန်သည်လမ်းရှိ ၀ဒသမ ၀၅၄ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင် တည်ဆောက်ထားသော အလျား ၄၄'၊ အနံ ၂၅'၊ အမြင့် ၁၅'ရှိ အုတ်ခင်းအုတ်ကာ၊ သွပ်မိုး အဆောက်အအုံတစ်လုံး။

(ဂ) လပွတ္တာမြို့၊ အမှတ်(၅)ရပ်ကွက်၊ ဧီဇဝါလမ်းရှိ ၀ဒသမ ၀၃၀ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင် တည်ဆောက်ထားသော အလျား ၃၀'၊ အနံ ၂၅'၊ အမြင့် ၁၅'ရှိ အုတ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး အဆောက်အအုံ တစ်လုံး။

လေလံလျှောက်လွှာ ရောင်းချမည့်ရက် - ၁၂-၁-၂၀၂၃ရက်မှ ၁၈-၁-၂၀၂၃ရက်အထိ

လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက် - ၁၈-၁-၂၀၂၃ရက်၊ ညနေ ၄နာရီ

လေလံလျှောက်လွှာ ရောင်းချမည့်နေရာ - မြို့နယ်သမဝါယမအသင်းစု (လီမိတက်) ကမ်းနားလမ်းနှင့် လမ်းမတော် လမ်းထောင့်၊ အမှတ်(၅)ရပ်ကွက်၊ လပွတ္တာမြို့

